# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ခုနှစ် ဩဂုတ်လ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၇၁)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ၁-၉-၂၀၂၄၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါးစည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ် ။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မလေးထပ်ဆောင်ရှေ့ရှိ ရေကန်အတွင်းရေဖြည့်သွင်းပြီး ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် အလှဆင်ရေပန်းများတပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

## ယနေ့ ဖတ်စရာအညွှန်း


ဗြိတိန်နိုင်ငံ၏ ပထမဆုံးဉာဏ်ရည်တု စာသင်ခန်း လန်ဒန်မြို့တော်တွင် စတင်ဖွင့်လှစ်သွားမည်

စာမျက်နှာ ၈

အိုင်ဖန်တိုနေး အယ်လ်အာလီအသင်းတွင် ကျောနံပါတ် (၇၁)ဂျာစီအား ဝတ်ဆင်ကစားမည်

စာမျက်နှာ ၁၁

နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်ရောဂါသို့မဟုတ် မျောက်ကျောက်အန္တရာယ် သတိရှိစေလို (ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

# အချိန်ဇယားနှင့် အလုပ် လုပ်ရန် အလေ့အကျင့်ကောင်းကို ပြုစုပျိုးထောင်ရမည်

လူသားတိုင်းရရှိထားသည့်အချိန်ကို ခွဲခြားပိုင်းဖြတ်ပြီး အလုပ် လုပ်တတ်လျှင် တိုးတက်မှုအကျိုးကို ခံစားရမည်ဖြစ်သည်။ အလကားရရှိထားသည့် အချိန်ကို လူသားတိုင်း အခမဲ့ယူသုံးနိုင်သည်။ လူတို့၏ အသက်သည်လည်း အချိန်တွင် တည်မှီနေသည်။ လူတို့၏ဘဝသည်လည်း အချိန်နှင့် တစ်ပြေးညီဖြတ်သန်းရှင်သန်နေရသည်။ လုပ်သင့်သော အချိန်တွင် မလုပ်မိပါက အဆုံးအရှုံးများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ကုန်လွန်သွားသောအချိန်ကို ပြန်လည်၍ အစားထိုးမရနိုင်ပါ။ ထို့ကြောင့် တိုးတက်ကြီးပွားလိုသူတိုင်း၊ ပညာရှာဖွေလိုသူတိုင်း၊ တရားဘာဝနာရှာဖွေလိုသူတိုင်း အချိန်ကို စနစ်တကျအသုံးချသင့်ပါသည်။

အချိန်ဇယားချ၍ အလုပ် လုပ်တတ်သူသည် တစ်နေ့စာ လုပ်ငန်းများကို ကြိုတင်၍ စီမံခန့်ခွဲလေ့ရှိသည်။ အိပ်ယာက နိုးလာသည်နှင့် ဘာပြီးရင်ဘာဆက်လုပ်မည်။ ဘယ်ကိစ္စ အချိန်ဘယ်လောက်နှင့် အပြီးလုပ်မည်။ နံနက်ပိုင်း ဘာလုပ်မည်။ နေ့လယ်ပိုင်း ဘာလုပ်မည်။ ညနေပိုင်း ဘာလုပ်မည်။ ညပိုင်း ဘာဆက်လုပ်မည် စသည်တို့ကို ကြိုတင်တွက်ချက်ပြီး အချိန်ဇယားဆွဲကာ ကြိုတင်ပြင်ဆင်ကာ အလုပ် လုပ်လေ့ရှိသည်။ ထိုကဲ့သို့ အချိန်ဇယားဖြင့် အလုပ် လုပ်သူသည် အလုပ်ကို အချိန်ကိုက်လုပ်တတ်သော အလေ့အကျင့်ကောင်းရလာသည်။ တစ်နေ့စာမှ တစ်လစာ၊ တစ်လစာမှ တစ်နှစ်စာအချိန်ကို ဇယားချလုပ်တတ်လာသည်။ ထိုကဲ့သို့ လုပ်တတ်လာသူသည် အစစအရာရာ မည်သည့်အလုပ်မဆို အဆင်ပြေလာပြီး ဘဝကို အေးဆေးတည်ငြိမ်စွာဖြင့် ဖြတ်သန်းနိုင်မည်ဖြစ်သည်။ အချိန်ဇယားမချဘဲ အလုပ် လုပ်တတ်သူသည် အမြဲလိုလို အလွဲလွဲအချော်ချော်ဖြစ်တတ်သည်။ အလုပ်ရှိသည့်အခါ တစ်ခုထက်မကသော အလုပ်ကိစ္စတို့ပေါ်လာပြီဆိုပါက မနိုင်မနင်း မပြီးမစီးဖြစ်တတ်သည်။ စိတ်မောပန်းပြီး လုပ်သမျှအလုပ်တို့ အလွဲလွဲအချော်ချော် ဖြစ်တတ်သည်။ ထို့ကြောင့် မည်သည့်အလုပ်မဆို အချိန်ဇယားဆွဲကာ အလုပ် လုပ်ခြင်းသည် အကောင်းဆုံး ဖြစ်သည်။

ငယ်ရွယ်စဉ် စည်းကမ်းစနစ်ကျမှ ကြီးပြင်းလာသည့်အခါ အစစအရာရာ အဆင်ပြေမည်ဖြစ်သည်။ ထို့ကြောင့် ငယ်စဉ်အခါ ကျောင်းသားဘဝကပင် အချိန်ဇယားနှင့် သွားလာနေထိုင်လုပ်ကိုင်တတ်အောင် လေ့ကျင့်ရမည်ဖြစ်သည်။ အချိန်နှင့် အလုပ် လုပ်သဖြင့် ဘဝတွင် အခက်အခဲဟူသမျှကို ကျော်လွှားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အချိန်နှင့် စား၊ အချိန်နှင့် အိပ်၊ အချိန်နှင့် အလုပ် လုပ်၊ အချိန်နှင့် သွားဟူသော လူကြီးသူမတို့၏ ပြောစကား၊ ဆုံးမစကားတို့သည် သူ့အချိန်နှင့် သူ့အကန့်သတ်တိုင်းတာ၍ လုပ်ဆောင်ရန် တိုက်တွန်းချက်ဖြစ်သည်။ မည်သည့်အလုပ်မဆို အချိန်ဇယားနှင့် အလုပ် လုပ်ရန် လမ်းညွှန်ထားခြင်းပင်ဖြစ်သည်။ လူသားတိုင်း အချိန်နှင့် တိုင်းထွာအလုပ်လုပ်တတ်ရန် တစ်နည်းအားဖြင့် အချိန်ဇယားဆွဲကာ စနစ်တကျနေထိုင်၊ စားသောက်၊ ကြိုးစားလုပ်ဆောင်တတ်သော အလေ့အကျင့်ကောင်းကို ပြုစုပျိုးထောင်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ဧရာဝတီမြစ်ရေကြီးမြင့်မှုကြောင့် နှမ်းစပါးထိခိုက်ပျက်စီးမှုများအား မျိုးစပါးထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ပြုလုပ်



**မတ္တရာ ဩဂုတ် ၃၁**

မန္တလေး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်တွင် ဇူလိုင်လဆန်းပိုင်းက ဧရာဝတီမြစ်ရေကြီးမြင့်မှုကြောင့် ဝန်စု၊ ရှမ်းတော၊ ကမ်းတဘက်၊ ဝက်ခဲ၊ စက်ထိပ်၊ ရွှေချောင်း၊ ညောင်ကုန်း စသည့် ကျေးရွာအုပ်စုများရှိ နှမ်းစပါးစိုက်ဧက ၄၁၉ ဧက ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရာ မျိုးစပါးများ ပြန်လည်ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက မတ္တရာမြို့နယ်၊ လင်းမွေချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်သည်။

အခမ်းအနားသို့ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေ၊ အဖွဲ့ဝင်(၂) ဦးတင်မောင်ဝင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးရဲသောင်း၊ ခရိုင်ဆည်မြောင်းဦးစီးမှူး ဦးမျိုးမင်းသန့်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးမင်းသူအောင်၊ ခရိုင်စက်မှုလယ်ယာဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်ဝင်းနိုင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြတ်သီတာ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ကျော်နိုင်၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးဇော်လင်းသိန်း၊ မြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးစောထွန်းနိုင်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအသီးသီးမှ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ရေကြီးနစ်မြုပ်ခဲ့သော နှမ်းစပါး ၄၁၉ ဧကအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မျိုးစပါး၊ နေကြာမျိုးစေ့များအား ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ မျိုးစပါးများကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်သည်။

(အပေါ်ပုံ)

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ရောင်းချသည့် ယူရီးယားဓာတ်မြေဩဇာများအား တောင်သူများထံသို့ ရောင်းချပေးကြသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ထီးတော်မိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး၊ ကျောင်း အတွင်း၊အပြင် သန့်ရှင်းသာယာလှပစေရေး မှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၉၃)

## ရမည်းသင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီး၊ ဟင်းရွက်စိုက်ဧက ၅၀၈၂ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံရာသီ၌ စားဖိုဆောင်သီးနှံအဖြစ် အသုံးပြုသော ဟင်းသီးဟင်းရွက်စိုက်ဧက ၅၀၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါ မြို့နယ်တွင် ယခုနှစ်မိုးသီးနှံရာသီ၌ ဟင်းသီးဟင်းရွက်လျာထားစိုက်ဧက ၅၅၀၀ ကို လျာထားပြီး မေလကုန်ပိုင်းမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့အချိန်တွင် စားဖိုဆောင်သီးနှံများဖြစ်သော ဟင်းသီးဟင်းရွက်စိုက်ဧက ၅၀၈၂ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ဧကများကိုလည်း ဆက်လက်စိုက်ပျိုးနေကြောင်း၊ ယင်းစားဖိုဆောင်သီးနှံများ စိုက်ပျိုးနိုင်သည့်အတွက် ဒေသထွက်ကုန်သီးနှံများကိုသာ ရောင်းချနိုင်ပြီး၊ မိသားစုဝင်ငွေ တိုးပွားစေကာ အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိစေမည့် အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်သီးနှံများအဖြစ် အသုံးပြုတဲ့ ဟင်းသီးဟင်းရွက် လျာထားဧက ၅၅၀၀ ကို စိုက်ပျိုးဆောင်ရွက်သွားမှာပါ၊ စားဖိုဆောင်သီးနှံ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေ တိုးလာမယ့်အပြင် အခြားဒေသကနေလည်း သီးနှံတွေ တင်သွင်းရောင်းချစရာမလိုတော့မှာဖြစ်ပါတယ်၊ စားဖိုဆောင်သီးနှံတွေကို ရာသီအလိုက် စိုက်ပျိုးပြီးတော့ စားသုံးသူ ပြည်သူတွေအတွက် ဆောင်ရွက်ပေးပါတယ်၊ ပြည်တွင်းရှိ တောင်သူတွေ စိုက်ပျိုးရခြင်းဟာ ကိုယ့်မြို့နယ်အတွင်းမှာ စိုက်ပျိုးနိုင်ခြင်းကြောင့် အာဟာရပြည့်ဝတဲ့ ဟင်းသီးဟင်းရွက်ရရှိဖို့ပါ၊ အဓိကအနေနဲ့ကတော့ ကျန်းမာရေးညီညွတ်တဲ့ အသီးအနှံတွေရရှိဖို့ပါ၊ ပြည်တွင်းစားသုံးမှု ဖူလုံစေဖို့အတွက် စိုက်ပျိုးပါတယ်၊ အပိုဝင်ငွေတွေရရှိစေဖို့အတွက်လည်း ရည်ရွယ်ပါတယ်၊ စိုက်ပျိုးထားတဲ့ အသီးအနှံတွေကလည်း ပိုးမွှားအန္တရယ်ကင်းရှင်းပါတယ်၊ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့တွေနဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို ဌာနက ဆောင်ရွက်ပေးပါတယ်။ လက်ရှိအချိန်မှာတော့ ဟင်းသီးဟင်းရွက်စိုက်ဧက ၅၀၈၂ ဧက ပြီးနေပါပြီ"ဟု ၎င်းက ရှင်းပြသည်။



အဆိုပါမြို့နယ်တွင် ယခုနှစ်မိုးရာသီ၌ စားဖိုဆောင်သီးနှံအဖြစ် စိုက်ပျိုးရာမရှိမဖြစ်အသုံးဝင်သည့် သီးနှံများဖြစ်သော နံနံပင်၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ချဉ်ပေါင်၊ ဘူးသီး၊ ရုံးပတီသီး၊ ဂေါ်ဖီ၊ မုန်လာ၊ တိုင်ထောင်ပဲတောင့်ရှည်၊ သဘော်သီး၊ ကန်စွန်း၊ သခွား၊ ကြက်ဟင်းခါးသီး စသည်ဖြင့် အစုံစိုက်ပျိုးကြောင်း၊ ယင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသုံးနိုင်စေရေးအတွက် ဌာနမှလည်း ကွင်းဆင်းပြီး တောင်သူများကို အသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ပေးကြောင်း သိရသည်။

(ဝ၇၃)

ဝ-ဝ-ဝ-ဝ-ဝ

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်း များအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အတွင်း စာသင်ဆောင်အသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မလေးထပ်ဆောင်အား ကြည့်ရှုစစ်ဆေးစဉ်။

✪ ရှေ့ဖုံးမှ

### ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်သို့ ရောက်ရှိကြပြီး ပင်မလေးထပ် ဆောင်ရှေ့ရှိ အရှည် ၆၆၅ ပေ၊ အကျယ် ပေ ၁၁၀၊ အနက် ငါးပေရှိ ရေကန်တူးဖော်ပြီးစီးမှု၊ ရေကန် ပတ်လည်စိမ်းလန်းစိုပြည်စေရေး ဆောင်ရွက်ထားရှိမှု၊ ရေကန် အတွင်း ရေဖြည့်သွင်းပြီး ဆိုလာ လျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် အလှဆင်ရေပန်းများ တပ်ဆင် ထားရှိမှု၊ ကန်ပေါင်တွင် လူသွား လမ်း ဆောင်ရွက်ပြီးစီးမှုနှင့် တက္ကသိုလ်အတွင်း သာယာလှပ ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန် မြို့တော်ဝန်နှင့် တက္ကသိုလ် ပါမောက္ခချုပ်တို့က ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိုးရာသီကာလ၌ တက္ကသိုလ် ပရိဝုဏ်အတွင်း ရေဝပ်မှုများမရှိ စေရေး ဆောင်ရွက်ရန်နှင့် ရေမြောင်းများ စနစ်တကျတူးဖော် ထားရှိရန်၊ တက္ကသိုလ်အတွင်း သန့်ရှင်းသာယာ လှပရေးနှင့် ဥပမိရုပ် ကောင်းမွန်စေရေးတို့ အတွက် လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့သည်။

### ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် ရန်ကုန်အနောက်ပိုင်း နည်းပညာ တက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ်အတွင်း စာသင်ဆောင်အသစ်ဆောက်လုပ် နေမှုများကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ဒေါက်တာကြည်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများက စာသင် ဆောင်အသစ် ဆောက်လုပ်နေမှု အခြေအနေများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းပတ်ဝန်းကျင် သန့်ရှင်း သာယာလှပစေရေးနှင့် ဥပမိရုပ် ကောင်းမွန်ရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယာဉ်ရပ်နားရန် နေရာများ၊ ကျောင်းသားအိပ်ဆောင် များနှင့် အထောက်အကူပြု အဆောင်များ၊ စာသင်ဆောင်များ နှင့် ခန်းမများ ဆောင်ရွက်ရာတွင် အသေးစိတ်ကအစ ထည့်သွင်း တွက်ချက်စဉ်းစားကာ ရေရှည်ကို ကြည့်၍ ဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းဝင်းအတွင်း လူသွားလမ်း များ၊ အားကစားပြုလုပ်ရာ နေရာနှင့် အပန်းဖြေနေရာများ ဆောင်ရွက်ရာ၌ ကျောင်းတွင် တက်ရောက်မည့် ကျောင်းသား ဦးရေအချိုးနှင့် ကိုက်ညီသည့် အကျယ်အဝန်းများ ဖြစ်စေရေး စဉ်းစားဆောင်ရွက်သွားရန်လို ကြောင်း မှာကြားခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

## ပြည်တွင်းစားသုံးမှုများပြားလာခြင်းကြောင့် မြန်မာ့ထွက်ကုန်သီးနှံ ပဲနီပြားများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်

မန္တလေး ဩဂုတ် ၃၁

ပြည်တွင်း စားသုံးမှုများပြား လာခြင်းကြောင့် မြန်မာ့ထွက်ကုန် သီးနှံပဲနီပြားများ မန္တလေးဈေးကွက် အတွင်း ဈေးကောင်းရရှိကာ ယခုရက်ပိုင်းတွင် အရောင်းအဝယ် များ သွက်လက်ကောင်းမွန်နေ ကြောင်း မန္တလေးပဲကုန်သည်များ ထံမှ သိရသည်။



လက်ရှိတွင် ပဲနီပြားများမှာ ဈေးကွက်အတွင်းသို့ နယ်စုံဒေသ အသီးသီးမှ ဝင်ရောက်နေ ကြောင်း၊ အဆိုပါပဲနီပြားများသည် ဈေးကွက်အတွင်း၌ ယခုအချိန် တွင် ဈေးကောင်းရရှိကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ထံမှ သိရသည်။

"မန္တလေးဈေးကွက်မှာ ပဲနီပြား တွေ အရောင်းအဝယ်ကောင်း နေတယ်။ ပြည်တွင်းစားသုံးမှု အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူး တိုင်းဒေသကြီးတွေက ဝယ်ယူမှု တွေ ရှိနေပါတယ်။ အဲဒီဒေသတွေ က ကောက်စိုက်ရာသီချိန်ဖြစ်တာ ကြောင့် ကောက်စိုက်သမတွေ ကြိုက်နှစ်သက်စွာ စားသုံးကြတဲ့ ပဲဖြစ်ပါတယ်။ ဒီနှစ်မှာ ပြည်တွင်း ဝယ်ယူစားသုံးမှုက ပိုမိုများပြားပါ တယ်။ ဒီပဲဟာ အာဟာရလည်း ဖြစ်ပြီး ကျန်းမာရေးနဲ့ညီညွတ် တာကြောင့် စားသုံးကြပါတယ်။ ကုလားပဲစားသုံးမှုပြီးရင် ပဲနီပြား ကို အများဆုံးစားသုံးကြပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုစားသုံး လာတာကို တွေ့ရှိရပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ပဲနီပြားကို မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ဧရာဝတီ၊ ချင်းတွင်းမြစ်ဝှမ်း နုန်းတင်မြေနုများတွင် ပိုမိုစိုက်ပျိုး ကြကာ အောင်မြင်ဖြစ်ထွန်းကြ ကြောင်း၊ ပဲနီပြားသီးနှံသည် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးထွက်ရှိ ကြောင်းနှင့်စိုက်ပျိုးစရိတ်သက်သာ ပြီး အထွက်နှုန်းကောင်းမွန်သည့် ပဲအမျိုးအစားဖြစ်ကြောင်း သိရ သည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

## မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၃၁

ယနေ့နံနက် ၈ နာရီခွဲတိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံ မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ(၇၅၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော် (၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာ နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက်၈ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည်တောင်ငူ မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ(၆၀၀ စင်တီမီတာ) အထက်သို့ နှစ်ပေကျော်(၆၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာ နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက်၈ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည်မဒေါက် မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ(၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော် (၁၉ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာ နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးအရာရှိခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❖ စာမျက်နှာ ၂၄ မှ

သင်တန်းကာလအတွင်း သင်ကြားလေ့ကျင့်ပေးသည့် လေ့ကျင့်ရေးဆိုင်ရာများကို ကြံ့ခိုင်သည့်စိတ်ဓာတ်ဖြင့် လိုက်ပါဆောင်ရွက်ရန်လိုကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှသာ လေ့ကျင့်ရေးများ အောင်မြင်မည်ဖြစ်ကြောင်း၊ စစ်အတတ်ပညာများကို သင်ကြားပေးခြင်းသည်တိုက်ပွဲဝင်နိုင်စေရန် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း၊ လေ့ကျင့် သင်ကြားပေးလိုက်သည့် ပညာရပ်များကို သင်တန်းကျောင်းတွင်သာမကဘဲ တာဝန်ထမ်းဆောင်ချိန်များ၌လည်း ပြန်လည်လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ဗိုလ်လောင်းများအနေဖြင့် သင်တန်းကာလအတိုင်း အတာတစ်ခုသို့ ရောက်ရှိလာပြီဖြစ်သဖြင့်နေ့စဉ်ဆောင်ရွက်ရသည့်လေ့ကျင့်ရေးများမှ စနစ်တကျဆောင်ရွက်တတ်သည့် ကောင်းမွန်သည့်အကျင့်များကိုရရှိလာပြီဖြစ်ကြောင်း၊ မိမိကိုယ်ကို တာဝန်ယူ၍ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းသည်ကောင်းမွန်သည့်အကျင့်ပင်ဖြစ်ပြီး စနစ်တကျဖြင့်လုပ်ကိုင်နေထိုင်စားသောက်ပြုမူခြင်းသည် တပ်မတော်၏ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများပင်ဖြစ်ကြောင်း။

ဗိုလ်လောင်းသင်တန်း ပြီးဆုံး၍ ကျရာတာဝန်များကို ထမ်းဆောင်ရာတွင်လည်း တစ်ဦးချင်းတစ်ယောက်ချင်းအလိုက် အသိစိတ်ဖြင့် အရာရှိကောင်းများဖြစ်အောင် ထိန်းသိမ်းနေထိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့အတွက် အကျိုးဖြစ်စေမည့် စာပေအသိပညာ ဖတ်ရှုလေ့လာခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ လေ့လာဖတ်ရှုမှုများကို အမြဲမပြတ်ဆောင်ရွက်နေမည်ဆိုပါက လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့ဖတ်မှတ်ထားသည်များကို အသုံးချခြင်းနှင့် မျှဝေပေးခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊ မှတ်သားခြင်း၊ ဆွေးနွေးခြင်းများမှ တစ်ဆင့် အသိပညာများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတော်နှင့်တပ်မတော်မှ အားကိုးအားထားရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

**နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိ၍ တာဝန်များကို ဂုဏ်ယူစွာဖြင့် ကျေပွန်အောင် ထမ်းဆောင်ကြရန်**

တပ်မတော်သို့ ဝင်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်လာကြသူများဖြစ်သဖြင့် အခြေခံအားဖြင့် စိတ်ဓာတ်ကောင်းမွန်ပြီး ဖြစ်ကြောင်း၊တပ်မတော်သို့ဝင်ရောက်လာကြသူများသည် တပ်မတော်သားများ၏ သစ္စာလေးချက်တွင် အမြင့်ဆုံးသစ္စာဆိုချက်ဖြစ်သည့် "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အမြဲအသင့်ရှိနေမည်" ဆိုသည့် သစ္စာဆိုချက်အတိုင်း စောင့်ထိန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်အပေါ် သစ္စာဆိုထားသည့် တပ်မတော်သားတစ်ဦးချင်းစီအနေဖြင့် မိမိကိုယ်ကို၊ မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်ပြီး ခံယူချက်ကောင်းရမည်ဖြစ်ကြောင်း၊ မိမိတို့၏ စိတ်ဓာတ်၊ သစ္စာရှိမှုများဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြစေလိုကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ တပ်မတော်သားများသည်လည်း ပြည်သူများ၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို အသက်စွန့်၍ တာဝန်ထမ်းဆောင်ရန် သစ္စာဆို တိုင်တည်ထားသည့်အဖွဲ့အစည်းဖြစ်သဖြင့် နိုင်ငံတော်အတွက် အမြင့်ဆုံးအဖွဲ့အစည်း ဖြစ်ကြောင်း၊ ထို့ကြောင့်တပ်မတော်သားတစ်ဦးချင်းစီအနေဖြင့် မိမိတို့ကိုယ်ကို ဂုဏ်ယူ၍ တာဝန်ကိုထမ်းဆောင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်လိုကြောင်း၊ ထို့ပြင် တပ်မတော်သားများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်ကြရန်လိုပြီး နိုင်ငံရေးနှင့် ပတ်သက်၍ နိုင်ငံ့အရေး၊ အမျိုးသားအရေးကို ဆောင်ရွက်သွားရမည်သာ ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီး ဗိုလ်လောင်း သင်တန်းသူများနှင့် အမျိုးသမီးအရာရှိခြေလျင်တပ်စုမှူး သင်တန်းမှ သင်တန်းသူများနှင့် အတူ နေ့လယ်စာ သုံးဆောင်စဉ်။**

**လေ့ကျင့်ရေးကို အလေးထားဆောင်ရွက်ရန်လို**

တပ်မတော်(လေ)မှ ပျံသန်းရေး တာဝန်ထမ်းဆောင်နေသူများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် အသက်နှင့်ရင်း၍ တာဝန်ထမ်းဆောင်ရခြင်း ဖြစ်သဖြင့် အမှားခံ၍ ရမည်မဟုတ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တစ်ဦးချင်း၏ အရည်အချင်းများ တိုးတက်မှုရှိစေရေး အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်ရန်နှင့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်နှင့် တိတိကျကျ Check၊ Recheck၊ Counter check များဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့ ဆောင်ရွက်နေရသည့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်း အရည်အချင်းများပြည့်ဝပြီး တာဝန်ထမ်းဆောင်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လေ့ကျင့်သားပြည့်ဝနေမှသာလျှင် မိမိကိုယ်ကိုနှင့် မိမိလက်နက်အပေါ် ယုံကြည်စိတ်မြင့်မားမည်ဖြစ်ကာ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းတာဝန်များကို အောင်မြင်စွာဖြင့် ထူးချွန်စွာဆောင်ရွက်နိုင်မည့် တပ်ဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် တပ်ဖွဲ့တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း။

**သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်မြင့်မားရေး**

သက်သာချောင်ချိရေးနှင့်ပတ်သက်၍လည်း တပ်မတော်အနေဖြင့် တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး အုပ်ချုပ်သူအဆင့်ဆင့်မှလည်း မိမိတို့တပ်ဖွဲ့များ၏ သက်သာချောင်ချိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိစေရေး၊ အသင်းအဖွဲ့ဖြင့် ဆောင်ရွက်တတ်စေရေးအတွက် အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခြင်း၊ အသိပညာဗဟုသုတနှင့်ခံယူချက်ကောင်းများ ရရှိစေရေးအတွက် ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ လူမှုရေး အခက်အခဲ၊ အကျပ်အတည်းများကိုလည်း မိမိတို့တတ်စွမ်းသည့်ဘက်မှ ကူညီဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းအလိုက် စိတ်ဓာတ်နှင့် ခံယူချက်များ ကောင်းမွန်မည်ဆိုပါက တပ်၏အရည်အချင်းများ မြင့်မားလာမည်ဖြစ်ကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ရှိတပ်ဖွဲ့ဝင်များအားလုံး အရည်အချင်းပြည့်ဝအောင် ဆောင်ရွက်၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးအရာရှိခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများ၊ အမျိုးသမီးအရာရှိခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) သို့ ရောက်ရှိစဉ် ကျောင်းအုပ်ကြီးက တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားမွေးထုတ်ပေးလျက်ရှိသည့်အခြေအနေများ၊ အမျိုးသမီးအရာရှိများအား တပ်စုမှူးသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် လေ့ကျင့်ရေးတာဝန်များ ထမ်းဆောင်နိုင်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းများတွင် လေ့ကျင့်ပေးရမည့်ပညာရပ်များကို အမှန်တကယ် တတ်မြောက်အောင် အပြည့်အဝ လေ့ကျင့်သင်ကြားပေးရန်နှင့် အခြားလေ့ကျင့်ရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မှော်ဘီတပ်နယ်အတွင်းရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မင်းဘူးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက မကွေးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များအတွက် ငွေကျပ် သိန်း ၃၀ နှင့် လူထုသိပ္ပံကျမ်းစာအုပ်နှင့် သုတ၊ ရသစာအုပ်စာစောင်မျိုးစုံ လှူဒါန်း



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

မင်းဘူး ဩဂုတ် ၃၁

ကျောင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက မကွေးတိုင်းဒေသကြီးအတွင်းရှိစာကြည့်တိုက်များအတွက် ငွေကျပ် သိန်း ၃၀ နှင့် လူထုသိပ္ပံကျမ်း စာအုပ်နှင့် သုတ၊ ရသစာအုပ်စာစောင်မျိုးစုံလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်မုခ်ဦးကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် သိန်းထွန်းဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့၊ အိုးစည်အဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား အစားအစာများ ပေးဝေ၍ ခင်းကျင်းပြသထားသော ဌာနဆိုင်ရာ ပြခန်းများ၊ ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

### သီဆိုဖွင့်လှစ်

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းခန်းမ၌ကျင်းပရာ မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အလှဆုံးပန်းများ ပွင့်ကြပြီ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး "နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်" Video Clip ကို ပြသသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် မကွေးတိုင်းဒေသကြီးအတွင်း ထပ်မံဆောက်လုပ်မည့် စာကြည့်တိုက်အဆောက်အအုံအသစ် လေးတိုက်အတွက် အလှူငွေကျပ်သိန်း ၆၀၀ အား ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူစဉ်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်က စာဖတ်သော လူမျိုးသည် တိုးတက်ပြီး တိုးတက်သောလူမျိုး တိုင်းသည် စာဖတ်ကြသည်ဟု ပြောကြားခဲ့ပါကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် ငြိမ်းချမ်းမှု၊ တိုးတက်မှု၊ ပျော်ရွှင်မှုများကို ဦးတည်ရည်မှန်း၍ ဖြတ်သန်းနေကြပါကြောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကိုလည်း ငြိမ်းချမ်းသော၊ သာယာသော၊ ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်အဖွဲ့အစည်းအဖြစ် ဖြတ်သန်းစေလိုပါကြောင်း၊ ထိုသို့ဖြတ်သန်းနိုင်ရန် နိုင်ငံသားအားလုံးတွင် အသိပညာဗဟုသုတများစွာ လိုအပ်မည်ဖြစ်ကြောင်း။ နိုင်ငံတော်အကြီးအကဲက လူထုသိပ္ပံကျမ်းများကို လူငယ်များ ဖတ်ရှုလေ့လာနိုင်ရန် ပြန်လည်ပုံနှိပ်ထုတ်ဝေစေပြီး စာကြည့်တိုက်များအတွက် ဝယ်ယူလှူဒါန်းပေးလျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား စာအုပ်စာစောင်များကို ဖတ်ရှုစေလိုသည့်အတွက် ယခုလို စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျင်းပပေးခြင်းဖြစ်ပြီး စာဖတ်လိုစိတ်များ မွေးမြူပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာပေလေ့လာဖတ်ရှုသူ ဖြစ်မှသာ လမ်းလျှောက်နေသည့်လူနှင့်တူသည်ဟု လမ်းညွှန်ထားသည့်အတွက် ကျောင်းသား လူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်းဖတ်ပြီး အသိဉာဏ်ပညာပြည့်ဝစွာဖြင့် အနာဂတ်ကို လျှောက်လှမ်းနေကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အား စာသင်ကြားပေးနေသည့် ဆရာ ဆရာမများကို ရိုသေလေးစားတန်ဖိုးထားကြ စေလိုကြောင်း၊ ဆရာ ဆရာမများသည် မိမိတို့ဘဝ တိုးတက်အောင် သင်ကြားပြသ မီးမောင်းထိုးပြပေးနေသူများဟု မှတ်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက မကွေးတိုင်းဒေသကြီးအတွင်းရှိစာကြည့်တိုက်များအတွက် လှူဒါန်းသော အလှူငွေကျပ်သိန်း ၃၀၊ လူထုသိပ္ပံကျမ်း အတွဲ(၆)နှင့် အတွဲ(၇) စာအုပ်ပေါင်း ၁၂ အုပ်နှင့် သုတ၊ ရသစာအုပ်စာစောင်မျိုးစုံ ၂၃၃ အုပ်တို့အား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ရာ လူမှုရေးရာဝန်ကြီးက လက်ခံရယူသည်။

စာမျက်နှာ ၆ သို့ ✻



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည် ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘော ဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိ သော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြု သူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထား သူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင် ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြု သူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်း ပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်း ပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

* စာမျက်နှာ ၅ မှ

ယင်းနောက် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က မင်းဘူးမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် အလယ် တန်းကျောင်းများအတွက် DTH စလောင်း ငါးစုံနှင့် DVB T2 Set Top Box ၁၅ လုံးတို့အား ပေးအပ် လှူဒါန်းရာ တိုင်းဒေသကြီး ပညာ ရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍မကွေးတိုင်းဒေသ ကြီးအတွင်း ထပ်မံဆောက်လုပ် မည့် စာကြည့်တိုက် အဆောက် အအုံအသစ် လေးတိုက်အတွက် အလှူငွေကျပ်သိန်း ၆၀၀ အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စု ဝန်ကြီးက လက်ခံရယူသည်။

ထို့နောက် မကွေးတိုင်းဒေသ ကြီး ဝန်ကြီးချုပ်က ကျောင်းသား လူငယ်များသည် နောင်တစ်ချိန် တွင် နိုင်ငံ့တာဝန်များ ပခုံးပြောင်း ထမ်းဆောင်နိုင်ရေး အတွက် အရည်အချင်း ပြည့်ဝအောင် ကြိုးစားဆောင်ရွက်ရေးနှင့် စာပေ ဖတ်ရှုလေ့လာရေးတို့ကို တိုက်တွန်း ပြောကြားပြီး ကျောင်းစာကြည့် တိုက်အတွက် သုတ၊ ရသစာအုပ် စာစောင်များ လှူဒါန်းပေးအပ် သည်။

### ဖျော်ဖြေတင်ဆက်

ဆက်လက်၍ မင်းဘူးမြို့ ပညာ အလင်းရောင် ကိုယ်ပိုင်အထက် တန်းကျောင်းမှ ဒုတိယတန်း ကျောင်းသား မောင်ဘုန်းလက်ျာ က ရုပ်သေးအကဖြင့် လည်း ကောင်း၊ စေတုတ္တရာမြို့ အခြေခံ ပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက "လှမ်းခဲ့ပါ အဆွေ ဖန်ခါးမြေ" သီချင်းဖြင့် လည်းကောင်း ဖျော်ဖြေ၍ စာရေး ဆရာ သန်းထွန်း(စကု)က "ကမ္ဘာ မြေပတ်ဖို့ စာတွေဖတ်စို့"ခေါင်းစဉ် ဖြင့် ဟောပြောဆွေးနွေးသည်။



စာရေးဆရာ သန်းထွန်း (စကု) က ကမ္ဘာမြေပတ်ဖို့ စာတွေဖတ်စို့ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးစဉ်။

ထို့နောက် မင်းဘူးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းသူများက "ဗိုလ်ရှုသဘင်" သီချင်းဖြင့်လည်း ကောင်း၊ "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့်လည်းကောင်း၊ "ဓာတ်မာန်"သီချင်းဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက စာရေးဆရာ သန်းထွန်း(စကု)အား အမှတ်တရ လက်ဆောင်ပေးအပ်ပြီး အက အဖွဲ့များအား ပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီး ချုပ်တို့က ဂုဏ်ပြုငွေများ ပေးအပ် ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီး ချုပ်တို့သည် မင်းဘူးမြို့ သာသနာ့ ဗိမာန်တော်သို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မင်းဘူးမြို့ရှိ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံ၍ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးခဲ့သည်။

### ကြည့်ရှု


နံနက်ပိုင်းကလည်းပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီး ချုပ်တို့သည် ပြည်သူ့ဆေးရုံကြီး (မကွေး)သို့ သွားရောက်၍ ဆေးရုံ ဝင်းအတွင်း ဌာနဆိုင်ရာ အဖွဲ့ အစည်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အထိမ်း အမှတ်အဖြစ် အဆင့်မြှင့်တင် ထားသော သားဖွားမီးယပ်နှင့် မွေးကင်းစကလေး သုံးထပ် ကုသ ဆောင်သစ်နှင့် စကုမြို့တွင် တည်ဆောက် ပြီးစီးသည့် စာကြည့်တိုက် အဆောက်အအုံ သစ်တို့ကို ကြည့်ရှုခဲ့ကြသည်။

သတင်းစဉ်






## မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ကျောင်းတိုက်၊ အာရာမသမုဋ္ဌာပက ကျောင်းတိုက်တည် နာယကချုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသဇ္ဇနသာရ၏ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် အခမ်းအနား ကျင်းပ





**မန္တလေး၊ ဩဂုတ် ၃၁**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာမြိုင်ကျောင်းတိုက်၊ အာရာမသမုဋ္ဌာပကကျောင်းတိုက်တည် နာယကချုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တသဇ္ဇနသာရ (သက်တော် ၈၅ နှစ် ၊ သိက္ခာတော် ၆၅ ဝါ )သည် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ ၂၀၂၄ခုနှစ် ၊ ဩဂုတ် ၂၇ရက်(အင်္ဂါနေ့) နံနက် ၇ နာရီ ၅၀ မိနစ်တွင် တစ်ဘဝ၊ တစ်ခန္ဓာ ရုပ်သိမ်း၍ ချုပ်ငြိမ်းတော်မူခဲ့ပြီး မဟာမြိုင်ကျောင်းတိုက်ရှိ ကျုရှင်သာသနာ့ဗိမာန်တော်ကြီး၌ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ပူဇော်ထားရှိကာ ယနေ့မွန်းလွဲပိုင်းတွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် အခမ်းအနားကို ကျင်းပခဲ့သည်။

အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင်အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ မြတောင်တိုက်၊ သာယာဝင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာဂရာဘိဝံသ အမှူးပြုပြီး ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ရဟန်းသံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒါယကာ၊ ဒါယိကာမများ၊ ဆွေတော်မျိုးတော်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဧည့်ပရိသတ်များ တက်ရောက်ပူဇော်ကြပြီး သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ သံဝေဂ သုံးဂါထာကို ရွတ်ဆိုသံဝေဂဉာဏ်ပွားများ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

၄င်းနောက် မဟာမြိုင်ကျောင်းတိုက် ၊ မဟာနာယကဆရာတော် မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသာသနထံက ငါးပါးသီလခံယူဆောက်တည်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း၊ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင်အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်းနှင့် အမရပူရမြို့နယ်၊ တောင်သမန်အင်း၊ သကျသီဟဈာပနကွင်းတွင် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား တေဇောဓာတ်ဖြင့် ပူဇော်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## စားအုန်းဆီများအား ပြည်သူများထံသို့ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ပြည်သူများအား စားသုံးဆီများကို ဈေးနှုန်းချိုသာစွာဖြင့် စဉ်ဆက်မပြတ်ရောင်းချပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက Resources Group Trading Co.,Ltd Ideal Business Success Co.,Ltd တို့ထံမှ ရည်ညွှန်းဈေး ၆၁၇၀ ကျပ်ဖြင့် ဝယ်ယူရရှိသော စားအုန်းဆီများအား ပြည်သူများထံသို့ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။



ထိုသို့စားအုန်းဆီများ ရောင်းချရာတွင် ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဝင်များဖြစ်သည့် မီဇန်၊ နယူးဖန်စီ၊ အေးချမ်းသူ၊ နေလသုခ၊ ကျော်ကျော်မင်းဒေါ်ဇာ၊ အနန္တဂုဏ်ရောင်၊ ဒေါ်လာ၊ ဗိုလ်တစ်ထောင်၊ စစ်ငြိမ်း၊ ဦးသန်းဌေး၊ ယံယံ၊ အမေထွား စားသုံးဆီ လက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်များမှ ကျောက်ဆည် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ (၂၅)နေရာတွင်လည်းကောင်း၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ (၃)နေရာတွင်လည်းကောင်း၊ မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ(၁)နေရာတွင်လည်းကောင်း၊ ပုလိပ် မြို့နယ်(ခွဲ)အတွင်းရှိရပ်ကွက်၊ ကျေးရွာ(၂)နေရာတွင်လည်းကောင်း၊ ကူမဲမြို့နယ်(ခွဲ)အတွင်းရှိရပ်ကွက်၊ ကျေးရွာ (၁)နေရာတွင် ရည်ညွှန်းဈေးဖြင့်ဝယ်ယူရရှိခဲ့သော စားအုန်းဆီ ၉၀၂၀ ပိဿာအား အိမ်ထောင်စု ၁စုလျှင် စားအုန်းဆီ ၁ ပိဿာနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(၄၈၅)**

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့နံနက် ၅ နာရီခွဲတိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿတောင်ပိုင်းကမ်းလွန်)တို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီးနောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿတောင်ပိုင်းကမ်းခြေအနီးတို့တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## တရုတ်နိုင်ငံလုပ် စီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို နောက်လကုန်ပြီးလျှင် စင်ကာပူ၌ ဖြန့်ဖြူးတော့မည်မဟုတ်




**စင်ကာပူ ဩဂုတ် ၃၁**

တရုတ်နိုင်ငံ၏ နည်းပညာဖြင့် ထုတ်လုပ်ခဲ့သည့် စီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို နောက်လကုန်ပြီးလျှင် စင်ကာပူနိုင်ငံ၌ ဖြန့်ဖြူးတော့မည်မဟုတ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စင်ကာပူ ကျန်းမာရေး အာဏာပိုင်အဖွဲ့အစည်းက ထိုကာကွယ်ဆေးကို အပြည့်အဝမှတ်ပုံတင်ရန် လျှောက်ထား တင်ပြခဲ့ခြင်းမရှိသဖြင့် ဖြန့်ဖြူးမှုကို အဆုံးသတ်သွားရန် ကျန်းမာရေးဝန်ကြီးဌာနက ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ထိုကာကွယ်ဆေးကို စက်တင်ဘာနောက်ပိုင်း အစိုးရကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များတွင် တောင်းဆိုရနိုင်တော့မည်မဟုတ်သော်လည်း တစ်ဦးချင်းအလိုက် ထိုးနှံလိုသူများ မိမိအစီအစဉ်ဖြင့် ဝယ်ယူထိုးနှံနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောခွင့်ရသူက ရှင်းပြသည်။

ဖိုက်ဇာ၊ မိုဒါနာ၊ နိုဗာဗက်စ် ဟူသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကိုမူ စင်ကာပူကျန်းမာရေးအာဏာပိုင်အဖွဲ့အစည်းက အပြည့်အဝမှတ်ပုံတင်ထားသဖြင့် တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံချိန်တွင် အလိုရှိသောဆေးကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် စင်ကာပူသမ္မတ၊ ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံရန် စီစဉ်ထား

**စင်ကာပူ ဩဂုတ် ၃၁**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် ဩဂုတ် ၃၁ ရက်က စင်ကာပူနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်းသည် သုံးရက်ကြာ အလည်အပတ်ခရီးစဉ်အတွင်း စင်ကာပူသမ္မတ သာမန်ရှန်မူဂါရတ်နမ်၊ ဝန်ကြီးချုပ် လောရင့်စ်ဝေါင်းတို့နှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အန်တိုနီယိုဂူတာရက်စ်အနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်လာပြီးနောက် စင်ကာပူနိုင်ငံသို့ ပထမဆုံးတရားဝင်အလည်အပတ်ရောက်ရှိခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ဗြိတိန်နိုင်ငံ၏ ပထမဆုံးဉာဏ်ရည်တု စာသင်ခန်း လန်ဒန်မြို့တော်တွင် စတင်ဖွင့်လှစ်သွားမည်

**လန်ဒန် ဩဂုတ် ၃၁**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဒေးဗစ်ဂိမ်းခေါလေ့(ဂျ်) အမည်ရှိ ကိုယ်ပိုင်စာသင်ကျောင်း တစ်ကျောင်းသည် ကျောင်းဆရာ၊ ဆရာမများအစား ဉာဏ်ရည်တု နည်းပညာဖြင့် အစားထိုး သင်ကြားသွားမည့် စာသင်ခန်းကို မကြာမီ ပထမဦးဆုံး စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စကိုင်းနယူး(စ်) သတင်းဌာနက ဖော်ပြသည်။

လာမည့် စက်တင်ဘာတွင် ဖွင့်လှစ်မည့် ဆရာမဲ့ သင်တန်း၌ အလယ်တန်းပညာရေးအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးသည် ကွန်ပျူတာနှင့် နည်းပညာမြင့် ရုပ်မြင်သံကြား၊ နားကြပ်များစသည့် သင်ထောက်ကူပစ္စည်းများကို အသုံးပြု၍ ပညာသင်ယူသွားမည်ဖြစ်သည်။

ယင်းဆရာမဲ့သင်တန်း တက်ရောက်သူများအနေဖြင့် တစ်နှစ်လျှင် ကျောင်းလခ ပေါင်စတာလင် ၂၇၀၀၀ ဝန်းကျင် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။**Mon**



## အိတ်ခ်စ်လူမှုကွန်ရက်ကို ချက်ချင်းပိတ်ပစ်ရန် ဘရာဇီး တရားသူကြီး မိုရက်စ် အမိန့်ချမှတ်



**ဘရာဇီးလီးယား ဩဂုတ် ၃၁**

ဘရာဇီးနိုင်ငံ၌ အိတ်ခ်စ်လူမှုကွန်ရက်ကို ချက်ချင်းပိတ်ပစ်ရန် ဘရာဇီးတရားရုံးချုပ် တရားသူကြီးမိုရက်စ် ဩဂုတ် ၃၁ ရက်တွင် အမိန့်ချမှတ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထို့ပြင် အပလီကေးရှင်းစတိုးထဲမှ အိတ်ခ်စ်လူမှုကွန်ရက် အပလီကေးရှင်းကို ၅ ရက်အတွင်း ဖြုတ်ချပစ်ရန် အဆိုပါ တရားသူကြီးက ဆက်လက်အမိန့်ချမှတ်သည်။

သမ္မတဟောင်း ဘိုလ်ဆိုနာရိုနှင့်သက်ဆိုင်သည့် သတင်းမှားထုတ်လွှင့်နေသော အဆိုပါ လူမှုကွန်ရက်ထဲရှိ အကောင့်များကို ဖယ်ရှားပေးရန် တရားသူကြီး မိုရက်စ် လွန်ခဲ့သော ဧပြီလကတည်းက အမိန့်ချမှတ်ခဲ့သည်။

အီလွန်မတ်စ်နှင့် အိတ်ခ်စ်လူမှုကွန်ရက်မှ တာဝန်ရှိသူများက ထိုအမိန့်ကို မထီမဲ့မြင်ပြုခဲ့သဖြင့် ဘရာဇီးနိုင်ငံတွင် ထိုလူမှုကွန်ရက် လုံးဝမသုံးရန် အဆုံးအတည်အမိန့်ချမှတ်လိုက်ခြင်းပင်ဖြစ်သည်။

ဗီပီအင်န်ဖြင့်ကျော်ပြီး အိတ်ခ်စ်လူမှုကွန်ရက်သုံးသူများတွေ့ရှိပါက ဘရာဇီးရီယယ်လ်ငွေ ၅၀၀၀၀ ဒဏ်ရိုက်မည်ဖြစ်ကြောင်း သိရသည်။ **Mon**



## မလေးရှားမြေကျွံမှု၌ ပျောက်ဆုံးသွားသူကို ၈ ရက်မြောက်နေ့အထိ ရှာမတွေ့သေးဟု ဆို

**ကွာလာလမ်ပူ ဩဂုတ် ၃၁**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့လယ်၌ ဖြစ်ပွားခဲ့သော မြေကျွံမှု၌ ပျောက်ဆုံးသွားသည့် အိန္ဒိယနိုင်ငံသား အမျိုးသမီးကို ၈ ရက်မြောက်နေ့အထိ ရှာမတွေ့သေးကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၆ ပေနက်သော မြေကျင်းကြီးထဲသို့ ပြုတ်ကျခဲ့သော အသက် ၄၈ နှစ်အရွယ် ဗီဂျယားလပ်ချ်မီးဂါလီကို ကယ်ဆယ်ရန်ကြိုးစားသူများသည် အစပိုင်း ၁၇ နာရီအတွင်း ၎င်း၏ဖိနပ်ကိုသာ ရှာတွေ့ခဲ့ကြသည်။

မြေကျင်းအောက်ခြေ ရေဆိုးထဲ၌ ပျောက်ဆုံးသွားသော ၎င်း၏ အလောင်းကို ထုတ်ယူနိုင်ရန် ကယ်ဆယ်ရေးသမားများ ဆက်လက်ကြိုးစားလျက်ရှိကြောင်း သိရသည်။

**Mon**

## ကွဲသွားသောမြေအိုးကို မူလအတိုင်းဖန်တီးပြီးနောက် စိတ်မကောင်းဖြစ်ခဲ့သည့်ကလေးကို ဖိတ်ခေါ်ပြသ

**ဂျေရုဆလင် ဩဂုတ် ၃၁**

ယခင်အပတ်က အစ္စရေးနိုင်ငံမြောက်ပိုင်း ဟိုင်ဖာမြို့ရှိ ဟိုင်ဖာတက္ကသိုလ်ပရိဝုဏ်ထဲရှိ ဟက်ချ်ပြတိုက်တွင် ရှေးဟောင်းပစ္စည်းများ ပြသထားစဉ် အေရီယယ်ဂယ်လာ ဟုအမည်ရသည့် အသက် ၄ နှစ်အရွယ် ကလေးက နှစ်ပေါင်း ၃၅၀၀ သက်တမ်းရှိသော မြေအိုးကိုဆွဲယူကြည့်ရှုစဉ် ထိုမြေအိုး အောက်သို့ကျကွဲခဲ့သည်။

ပြတိုက်မှပညာရှင်များက ကျကွဲသွားသောမြေအိုးကို သုံးဖက်မြင်နည်းပညာဖြင့် မူလအတိုင်းဖြစ်အောင် ပြန်လည်ဖန်တီးပြီးနောက် စိတ်မကောင်းဖြစ်ခဲ့သည့် အေရီယယ်ဂယ်လာကို ၎င်း၏မိသားစုနှင့်အတူ ဩဂုတ် ၃၀ ရက်တွင် ထိုပြတိုက်က ဖိတ်ခေါ်ပြသခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ကလေးက ၎င်း၏ မြေအိုးလေးတစ်လုံးကို ယူလာပြီး ပြတိုက်မှူးများကို လက်ဆောင်ပေးခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက အစ္စရေးနိုင်ငံတောင်ပိုင်း လက်ဘနွန်နယ်စပ်အနီးမှ စစ်ဘေးရှောင်ရင်း တောင်ပိုင်းသို့ရောက်လာသော အေရီယယ်ဂယ်လာတို့မိသားစုကို ပြတိုက်အနှံ့ လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**Mon**



သေဆုံးပြီးနောက် ရှင်သန်ထမြောက်လာသည်ဆိုသော အာဖရိကန်နွယ်ဖွား အမေရိကန်နိုင်ငံသား ရှာမန်ဒူရက်ဗားရက်နှင့် နော်ဝေ တော်ဝင်မင်းသမီး မာသာလွီဆေတို့ နှစ်ဦးကို ဩဂုတ် ၂၉ ရက်က ကျင်းပသည့် မင်္ဂလာပွဲ၌ တွေ့ရစဉ်။ **Mon**

# အမြို့မြို့အနယ်နယ်မှ မှုခင်းသတင်းများ

## ဘုရားကြီးလမ်းဆုံတွင် နောက်တွဲဆီဘောက်ဆာယာဉ်နှင့် ကုန်တင်ယာဉ်တို့တိုက်မိမှု ဖြစ်ပွား

**ပဲခူး ဩဂုတ် ၃၁**

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့လမ်းဆုံတွင် ဩဂုတ် ၃၀ရက် မွန်းလွဲ ၁၂နာရီခန့်က ပဲခူးမြို့ဘက်မှ ယာဉ်မောင်း စိုင်းကိုကိုအောင် ဆိုသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ကျော်စိုးလှိုင် လိုက်ပါလာသော GN-6,3S/--- နံပါတ်တပ် နောက်တွဲ ဆီဘောက်ဆာ မော်တော်ယာဉ်သည် ဘုရားကြီး လမ်းဆုံသို့ရောက်ရှိ၍ ဝေါမြို့ဘက်သို့ ချိုးကွေ့မောင်းနှင်စဉ် နောက်တွဲယာဉ်၏ ဦးခေါင်းပိုင်းနှင့် ချိတ်ဆက်ထားသော ချိတ်မှာပြုတ်ထွက်ပြီး ဝေါမြို့ဘက်မှ နန်းဝင်းဆိုသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဇော်နိုင်ဦးဆိုသူ ပျော်ဘွယ်မြို့နေသူ လိုက်ပါလာသောယာဉ်အမှတ် MDY- 15-5K/---(၆)ဘီး မော်တော်ယာဉ်၏ ဝဲဘက်ဦးခေါင်း တံခါးအား တိုက်မိခဲ့သည်။



အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ပဲခူးမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်(၁)စီး၊ ရေသယ်ယာဉ်(၁)စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ မီးလောင်မှုမဖြစ်ပွားစေရေး ဆောင်ရွက်ပေးခဲ့သည်။ ယာဉ်တိုက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)

## ထနောင်ပင်လှကျေးရွာ၌ မီးလောင်မှု ဖြစ်ပွား

**ကျောက်ဆည် ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၊ ထနောင်ပင်လှကျေးရွာ၌ ဩဂုတ် ၃၀ရက် နံနက် ၁၁နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အိမ်ရှင် ဦးအောင်ကျော်ဦးဆိုသူသည် (၁၅ ပေ × ၁၅ ပေ)သွပ်မိုး၊ အထပ်သားခင်း၊ ပျဉ်ကာ၊ အုတ်ညပ်(၂)ထပ် လူနေအိမ်တွင် မီးစက်နှိုးထားရာမှ Safeguart အပူလွန်ကဲ၍ မီးစတင်လောင်ကျွမ်းခဲ့ပြီး ဘေးပတ်ဝန်းကျင်ရှိ (၁၅ပေ×၁၅ပေ) သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ လူနေအိမ်(၂)ထပ်တစ်လုံး၊ (၁၅ပေ×၁၅ပေ) သွပ်မိုး၊ ထရံကာ၊ ဝါးခင်း၊ လူနေအိမ်(၂)ထပ်တစ်လုံး၊ (၁၅ ပေ×၁၅ပေ) သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း လူနေအိမ်(၂)ထပ်တစ်လုံး စုစုပေါင်း လူနေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးစောလွင်အေး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သန္နေတပ်ဖွဲ့ဝင် (၂+၂၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်ငါးဦးနှင့် ပြည်သူများ စုပေါင်း၍ မီးငြိမ်းသတ်ယာဉ်နှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မီးလောင်မှုဖြစ်ပွားစေသူအား ကျောက်ဆည်မြို့မရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(အောက်ပုံ)(၄၈၅)



## ငွေကျပ် သိန်း ၅၅၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဩဂုတ် ၂၇ ရက် နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်ရှိ ကားဂိတ်တွင် မော်တော်ဆိုင်ကယ်ဖြင့် ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူ စိုးတင့်ဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါးHappy Water ၂ ဒသမ ၄၅ကီလို သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများ လက်ခံမည့်သူ စိုင်းခမ်းတီဆိုသူအား အောင်မြေသာစံမြို့နယ်၊ မဟာဓေယျာဘုံရပ်ကွက်တွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းတွင် ကံထူးတင်သိန်းဆိုသူအား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်စီဆေးပြား ၄၉၀၀၊ Happy-5 ဆေးပြား ၃၈၀၊ ကက်တမင်း ၉၅၀ဂရမ်၊ TOYOTA FIELDER မော်တော် ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများ ယူဆောင်ခိုင်းသူ အောင်ဘုန်းမြတ် ဆိုသူအား တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊မေတ္တာလမ်းရှိ ၎င်း၏နေအိမ်တွင် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း)၄၇၀ဂရမ်၊ ကက်တမင်း ၂၅ ဂရမ်၊ Collagen အမှုန့်တစ်ကီလိုနှင့် မူးယစ်ဆေးဝါး Tramadol ဆေးတောင့် ၇၀၀တောင့်နှင့်လည်းကောင်း၊ ဩဂုတ် ၂၈ ရက် နံနက်၁၁နာရီအချိန် စိတ်ပြောင်း ဆေးဝါးများအား လူမဲ့တန်ဆာဖြင့် ပို့ဆောင်ပေးသူ ဝါဝါလွင်(ခ)စန္ဒာဆိုသူအား ရပ်စောက်မြို့နယ်၊ ပင်ဖြစ်ကျေးရွာ၊ ရပ်ကွက်(၁)တွင် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၂ ဒသမ ၄၅ ကီလို၊ အက်တက်စီဆေးပြား ၄၉၀၀၊ Happy-5 ဆေးပြား ၃၈၀၊ ကက်တမင်း ၉၅၀ဂရမ်၊ အိုက်စ်(မက်သ်အဖက်တမင်း)၄၇၀ဂရမ်၊ ကက်တမင်း ၂၅ဂရမ်၊ Collagenအမှုန့်တစ်ကီလိုနှင့် မူးယစ်ဆေးဝါး Tramadol ဆေးတောင့် ၇၀၀ တောင့် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ သယ်ဆောင်၍ KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။





(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ဓာတ်တိုင်အားဝင်ရောက်တိုက်မိပြီး ယာဉ်တိမ်းမှောက်မှု ဖြစ်ပွား

**မိုင်းယောင်း ဩဂုတ် ၃၁**

ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ဝမ်ကောင်းအုပ်စု၊ ဓာတ်လုံဘုရားအဆင်းလမ်းတွင် ဩဂုတ်၂၈ရက် နံနက် ၈နာရီက ယာဉ်မောင်း ဦးအိုက်ခမ်း မောင်းနှင်လာသော 9J/---- MAZDA(အဖြူရောင်) ယာဉ်သည် ဓာတ်လုံဘုရားမှ ဝမ်ဘန်ကျေးရွာသို့ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ရှိဓာတ်တိုင်အား ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မိုင်းယောင်းမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မီးသတ်ယာဉ် တစ်စီးဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ ၃၀ မိနစ်တွင် ပြီးစီးခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ အမျိုးသား သုံးဦးအနက် ယာဉ်မောင်း အမျိုးသားတစ်ဦး (သေဆုံး)၊ အမျိုးသားနှစ်ဦးထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး ၎င်းတို့အား မိုင်းယောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်အား ပေါ့ဆစွာမောင်းနှင်သူအား မိုင်းယောင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Lin Htet Aung" Facebookအကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာနေ လင်းထက်အောင်(ခ)လင်းအား ညနေ ၄ နာရီ မိနစ် ၂၀ တွင် တပ်ကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူလေ့လာနိုင်စေရန်အတွက် ဩဂုတ် ၂၆ ရက်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (ယာပုံ)



အဆိုပါ လေ့လာရေးအဖွဲ့ကို တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် စိုးညွန့်၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဩဂုတ် ၂၇ ရက်တွင် ပေကျင်းမြို့ရှိ Tian Tan ပန်းခြံသို့ သွားရောက်လည်ပတ်ခြင်း၊ Ling Guang ဘုရားကျောင်းသို့ သွားရောက်၍ ဘုရားကျောင်းတွင် ကိန်းဝပ်စံပါယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ခြင်း၊ ဩဂုတ် ၂၈ ရက်တွင် ပေကျင်းမြို့ရှိ Great Wall သို့ သွားရောက်လေ့လာခြင်း၊ နွေရာသီနန်းတော်သို့ သွားရောက်လေ့လာခြင်းနှင့် အိုလံပစ်ပြိုင်ပွဲကျင်းပခဲ့သည့် အဆောက်အအုံများနှင့် မြို့တွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ကာ ညပိုင်းတွင် ညရှုခင်းများ ကြည့်ရှုခဲ့သည်။

အလားတူ ဩဂုတ် ၂၉ ရက်တွင် ပေကျင်းမြို့ရှိ ပေကျင်း ကျည်ဆန်ရထားဘူတာရုံမှ ပေကျင်း-ကွမ်ကျိုးကျည်ဆန်ရထား အမှတ်(G-77)ဖြင့် စီးနင်းလိုက်ပါ၍ Guang Zhou မြို့သို့ ရောက်ရှိကြသည်။

အဆိုပါ မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် Guang Zhou မြို့ရှိ Jinan တက္ကသိုလ်သို့ သွားရောက်ကာ Jinan တက္ကသိုလ်၏ သမိုင်းကြောင်း၊ စာကြည့်တိုက်နှင့် ဌာနခွဲများကို လှည့်လည်လေ့လာခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် တက္ကသိုလ်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် Guang Zhou မြို့တွင်း လေ့လာလည်ပတ်ကြပြီး ညပိုင်းတွင် Guang Zhou Tower အား သွားရောက်လေ့လာကြည့်ရှုခြင်းနှင့် Zhu Jiang မြစ်အတွင်း အပျော်စီး သင်္ဘောဖြင့်လိုက်ပါစီးနင်း၍ လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ရမှုနှင့်ပတ်သက်၍ ယခုလိုပဲ ကြားသိရပါသည်-




မောင်ဘုန်းမြတ်သာ(ခြောက်ဘာသာ ဂုဏ်ထူးရှင်) သုံးထပ်ကွမ်းလူရည်ချွန်

တရုတ်နိုင်ငံရဲ့ အထင်ကရနေရာတွေဖြစ်တဲ့ မဟာတံတိုင်း၊ ဗုဒ္ဓမြတ်စွယ်တော်လို နေရာတွေအပြင် သမိုင်းနဲ့ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာတွေဖြစ်တဲ့ နွေရာသီနန်းတော်၊ Tiananmen Square၊ ပေကျင်းအိုလံပစ်ကျင်းပခဲ့တဲ့ အိုလံပစ်ပန်းခြံတို့ကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ လေ့လာရေးခရီးကို အစကနေအဆုံးကုန်ကျစရိတ်အများကြီး အကုန်အကျခံပြီးတော့ စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။ ခရီးအစကနေအဆုံးထိ ကြီးကြပ်ပေးတဲ့ ကြီးကြပ်ဆရာတွေကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ အနာဂတ်မှာ နိုင်ငံကအားကိုးရတဲ့ သမားတော်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါမယ်ခင်ဗျာ။ ဒီခရီးစဉ်က တရုတ်နိုင်ငံရဲ့ အထင်ကရနေရာများစွာကို လေ့လာခွင့်ရခဲ့တဲ့အတွက်ကြောင့် ဒေသန္တရဗဟုသုတများစွာ ရရှိခဲ့ပါတယ်။ တရုတ်နိုင်ငံက အားလုံးသိကြတဲ့အတိုင်း ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်နေတဲ့အရာတွေ လေ့လာခွင့်ရခဲ့တယ်။ သူတို့ဒီလိုဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုမျိုးကြိုးစားခဲ့တယ်ဆိုတာ ကျွန်တော်တို့ အတုယူပြီးတော့ ကျွန်တော်တို့နိုင်ငံအနာဂတ်ကို ပိုကောင်းအောင် တည်ဆောက်သွားမယ်လို့ ခံယူချက်တွေရရှိခဲ့ပါတယ်။




မမြသန္တာခင်(နှစ်ထပ်ကွမ်းလူရည်ချွန်)

တရုတ်နိုင်ငံရဲ့ ပေကျင်းမြို့နဲ့ ကွမ်ကျိုးမြို့ကို သွားရောက်လေ့လာခဲ့ပါတယ်။ ပေကျင်းမြို့မှာဆိုရင် အထင်ကရနေရာတွေဖြစ်တဲ့ Tiananmen Square၊ မဟာတံတိုင်း ဂရိတ်ဝေါနဲ့ အိုလံပစ်ပန်းခြံတို့ကို လေ့လာခဲ့ပါတယ်။ ကွမ်ကျိုးမြို့မှာဆိုရင် Jinan တက္ကသိုလ်ကို လေ့လာခဲ့ပြီးတော့ ညပိုင်းဆိုရင် ပုလဲမြစ်မှာ အပျော်သင်္ဘောစီးခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ လူနေမှုစနစ်ကို သိခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေ၊ ရှေးခေတ်သမိုင်းကြောင်းတွေ၊ စားသောက်ဖွယ်ရာတွေ၊ စည်းကမ်းရှိပုံတွေ၊ စက်မှုဖွံ့ဖြိုးတိုးတက်တဲ့ပုံတွေကို လေ့လာခဲ့ပါတယ်။ ကျွန်မအပါအဝင် ကျွန်မတို့လို ထူးချွန်ကျောင်းသားတွေကို တရုတ်နိုင်ငံကို လေ့လာခွင့်ရအောင် အခွင့်အရေးပေးခဲ့တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တာဝန်ရှိသူ အကြီးအကဲအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

သတင်းစဉ်

## အာဆင်နယ်နှင့် ဘရိုက်တန်တို့ တစ်ဖက်တစ်ဂိုးစီသရေကျ၊ မန်စီးတီးတို့ ဝက်စ်ဟမ်းအား အနိုင်ယူပြီး အမှတ်ပေးဇယားအား ဦးဆောင်နိုင်ခဲ့

**မန်ချက်စတာ ဩဂုတ် ၃၁**

ပရီးမီးယားလိဂ်ပွဲစဉ် (၃) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆နာရီက အာဆင်နယ်အသင်းနှင့် ဘရိုက်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

**အာဆင်နယ် ၁ - ၁ ဘရိုက်တန်**

အာဆင်နယ်အသင်းသည် ယခုပွဲစဉ်တွင် ဘရိုက်တန်အသင်းအား အသင်း၏ အိမ်ကွင်းတွင် လက်ခံကစားရသော်လည်း ပွဲချိန် ၄၉မိနစ်တွင် အသင်းကစားသမား ဒီကလန်ရိုက်စ် အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရမှုကြောင့် ပွဲပြီးဆုံးချိန်တွင် သရေရလဒ်သာ ရယူနိုင်ခဲ့သည်။

အာဆင်နယ်အသင်း အတွက် သွင်းဂိုးတစ်ဂိုး ပွဲချိန် ၃၈မိနစ်တွင် ကိုင်လီဟာဗက်ဇ်က သွင်းယူပေးခဲ့ပြီး ဘရိုက်တန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို မူ ပွဲချိန် ၅၈မိနစ်တွင် ယာအိုပတ်ဒရိက သွင်းယူပေးခဲ့သည်။



ယနေ့ မြန်မာစံတော်ချိန် ည ၁၁နာရီက ဝက်စ်ဟမ်းအသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူကာ အမှတ်ပေးဇယားအား ဦးဆောင်နိုင်ခဲ့သည်။

**ဝက်စ်ဟမ်း ၁ - ၃ မန်စီးတီး**

မန်စီးတီးအသင်းအတွက် သွင်းဂိုးသုံးဂိုးစလုံးကို ဟာလန်းတစ်ဦးတည်းကပင် သွင်းယူပေးခဲ့သည်။

မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် (၃)ပွဲကစားအပြီးတွင် ရမှတ် ၉မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၁) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ယနေ့ ပရီးမီးယားလိဂ် ပွဲစဉ် (၃)၏ အခြားပွဲစဉ်များတွင်လည်း ဘရန့်ဖို့ဒ်အသင်းက ဆောက်သမ်တန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ ဘုန်းမောက်အသင်းက အဲဗာတန်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့်လည်းကောင်း၊ အေဗီလာအသင်းက လက်စတာစီးတီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ အစ်ဆွစ်ချ်အသင်းနှင့် ဖူလ်ဟမ်အသင်းတို့က တစ်ဖက်တစ်ဂိုးစီဖြင့်လည်းကောင်း၊ နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ဝုဖ်အသင်းတို့ကလည်း တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲစဉ်ပြီးဆုံးခဲ့သည်။

(နိုင်ကမ္ဘာ)

### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ဘိုလော့ဂ်နာ | ၁ | - | ၁ | အမ်ပိုလီ |
| လက်ချီ | ၁ | - | ၀ | ကက်ဂလီယာရီ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ဘရက် | ၄ | - | ၀ | စိန့်အက်တီယန် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ဘိုချမ် | ၀ | - | ၂ | မိုချန်ဂလာဘတ် |
| ဖရန့်ဖတ် | ၃ | - | ၁ | ဟော့ဖန်ဟိမ်း |
| ဟိုစတိန်ကီး | ၀ | - | ၂ | ဝုဖ်ဘတ် |
| စတုဂတ် | ၃ | - | ၃ | မိန့်ဇ် |
| ဝါဒါဘရီမင် | ၀ | - | ၀ | ဒေါ့မွန် |
| လေဗာကူဆင် | ၂ | - | ၃ | လိုက်ပဇစ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၇ | - | ၀ | ဗယ်လာဒိုးလစ် |

# နိုင်ငံတကာ အားကစား သတင်းများ

## အိုင်ဗန်တိုနေး အယ်လ်အာလီအသင်းတွင် ကျောနံပါတ်(၇၁)ဂျာစီအား ဝတ်ဆင်ကစားမည်



**လန်ဒန် ဩဂုတ် ၃၁**

တိုက်စစ်မှူး အိုင်ဗန်တိုနေး အယ်လ်အာလီအသင်းတွင် ကျောနံပါတ် ၇၁ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် ဘရန့်ဖို့ဒ်အသင်းမှ ဆော်ဒီကလပ် အယ်လ်အာလီအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ဖြင့် ၂၀၂၈ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး အိုင်ဗန်တိုနေးသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၁ပွဲကစားပြီး ၇၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်အာလီအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ **(ဝဲပုံ)**

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အယ်လ်အာလီအသင်းတွင် တစ်နှစ်လုပ်ခ လစာငွေ စတာလင်ပေါင် ၁၆ သန်းဝန်းကျင် ရရှိသွားမည် ဖြစ်သည်။

**(NGB)**

## စတာလင်အား တစ်ရာသီအငှားစာချုပ်ဖြင့် အာဆင်နယ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၃၁**

အာဆင်နယ်အသင်းသည် ချဲလ်ဆီးအသင်း တောင်ပံတိုက်စစ်ကစားသမား စတာလင်အား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။ **(ယာပုံ)**

အဆိုပါ တောင်ပံတိုက်စစ်ကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ စတာလင်က "ကျွန်တော် အာဆင်နယ် အသင်းသို့ တစ်ရာသီအငှားဖြင့် ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**





## ရီးစ်နာလ်ဆင်အား တစ်ရာသီအငှားဖြင့် ဖူလ်ဟမ်အသင်း ခေါ်ယူ





**လန်ဒန် ဩဂုတ် ၃၁**

ဖူလ်ဟမ်အသင်းသည် အာဆင်နယ်အသင်း တောင်ပံကစားသမား ရီးစ်နာလ်ဆင်အား တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့သည်။

အသက်(၂၄)နှစ် အရွယ်ရှိ တောင်ပံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက အာဆင်နယ် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၃ပွဲကစားပြီး ၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖူလ်ဟမ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်းသည် နွေရာသီ အပြောင်းအရွှေ့ ဈေးကွက်အတွင်းတွင် ကစားသမားခြောက်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(ဝဲပုံ) (NGB)**

### ဘောလုံး သတင်း အတို အထွေများ

* နာပိုလီအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား တော်မီနေးအား ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။
* အာဆင်နယ်အသင်းသည် ဘုန်းမောက်အသင်း ဝါရင့်ဂိုးသမား နက်တိုအား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သည်။
* နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟောင်းက မိမိအနေဖြင့် လက်ရှိအသင်း လူစာရင်းကို အားရကျေနပ်မှုရှိကြောင်း အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ဆုဖလားများ ရယူသိမ်းပိုက်သွားလိုကြောင်း ပြောကြားခဲ့သည်။

(NGB)

### အင်္ဂလိပ် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁-၉-၂၀၂၄ တနင်္ဂနွေနေ့ | ည ၈း၃၀နာရီ | (၁၂)ရှက်လ်ဖီး(Utd) - ဝက်ဖို့ဒ်(၂)<br>(W,D,D) (W,W,W) | ရှက်လ်ဖီး(Utd) ၁-၀ ဝက်ဖို့ဒ်<br>ဝက်ဖို့ဒ် ၁-၀ ရှက်လ်ဖီး(Utd) |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁-၉-၂၀၂၄ တနင်္ဂနွေနေ့ | ည၉း၃၀နာရီ | (၁၀)အလာဗက်စ် - လက်စ်ပါးမက်(၁၆)<br>(L,D,W) (D,L,D) | အလာဗက်စ် ၀-၁ လက်စ်ပါးမက်<br>လက်စ်ပါးမက် ၁-၁ အလာဗက်စ် |
| ။ | ။ | (၁၂)အိုဆာဆူနာ - ဆယ်လ်တာဗီဂို(၃)<br>(D,W,L) (W,W,L) | အိုဆာဆူနာ ၀-၃ ဆယ်လ်တာဗီဂို<br>ဆယ်လ်တာဗီဂို ၀-၂ အိုဆာဆူနာ |
| ။ | ည ၁၁း၃၀နာရီ | (၁၇)ဆီဗီလာ - ဂျီရိုနာ(၇)<br>(D,L,D) (D,L,W) | ဆီဗီလာ ၁-၂ ဂျီရိုနာ<br>ဂျီရိုနာ ၅-၁ ဆီဗီလာ |
| ။ | ည ၁၁း၄၅နာရီ | (၁၄)ဂီတာဖေး - ဆိုစီဒက်(၁၃)<br>(D,D) (L,W,L) | ဂီတာဖေး ၁-၁ ဆိုစီဒက်<br>ဆိုစီဒက် ၄-၃ ဂီတာဖေး |
| ၂-၉-၂၀၂၄ တနင်္လာနေ့ | နံနက် ၀၂း၀၀နာရီ | (၅)ရီးရဲလ်မက်ဒရစ် - ဘက်တစ်(၁၅)<br>(D,W,D) (D,D) | ရီးရဲလ်မက်ဒရစ် ၀-၀ ဘက်တစ်<br>ဘက်တစ် ၁-၁ ရီးရဲလ်မက်ဒရစ် |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) နိုင်ကမ္ဘာ

(၈) **ချဲလ်ဆီး - ခရစ္စတယ်ပဲလေ့စ်** (၁၇)

စင်တင်ဘာ ၁ ရက်(တနင်္ဂနွေနေ့)ည ၇း၀၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၂၀၂၁-၂၂ | ချဲလ်ဆီး | ၃-၀ ခရစ္စတယ်ပဲလေ့စ် ၀-၁ | | ချဲလ်ဆီး |
| ၂၀၂၂-၂၃ | ။ | ၁-၀ | ။ ၁-၂ | ။ |
| ၂၀၂၃-၂၄ | ။ | ၂-၁ | ။ ၁-၃ | ။ |

**နှစ်သင်း၏ (ပွဲစဉ်-၁၊ ၂)ရလဒ်**

| | | | | | |
|---|---|---|---|---|---|
| ချဲလ်ဆီး | ၂-၀ | မန်စီးတီး | ဘရန့်ဖို့ဒ် | ၂-၁ | ခရစ္စတယ်ပဲလေ့စ် |
| ဝုဖ် | ၂-၆ | ချဲလ်ဆီး | ခရစ္စတယ်ပဲလေ့စ် | ၀-၂ | ဝက်စ်ဟမ်း |

ချဲလ်ဆီးတို့ အိမ်ကွင်းပွဲစဉ်ဖြစ်သောကြောင့် ခရစ္စတယ်ပဲလေ့စ်အား လွယ်ကူစွာပင် အနိုင်ရယူသွားမည်ဖြစ်သည်။

— — — — — — —

(၁၁) **မန်ယူ - လီဗာပူး** (၄)

စင်တင်ဘာ ၁ ရက်(တနင်္ဂနွေနေ့)ည ၉း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၀၂၁-၂၂ | မန်ယူ | ၀-၅ | လီဗာပူး | ၄-၀ | မန်ယူ |
| ၂၀၂၂-၂၃ | ။ | ၂-၁ | ။ | ၇-၀ | ။ |
| ၂၀၂၃-၂၄ | ။ | ၂-၂ | ။ | ၀-၀ | ။ |

**နှစ်သင်း၏ (ပွဲစဉ်-၁၊ ၂)ရလဒ်**

| | | | | | |
|---|---|---|---|---|---|
| မန်ယူ | ၁-၀ | ဖူလ်ဟမ် | အစ်ဆွစ်ချ် | ၀-၂ | လီဗာပူး |
| ဘရိုက်တန် | ၂-၁ | မန်ယူ | လီဗာပူး | ၂-၀ | ဘရန့်ဖို့ဒ် |

ခြေစွမ်းကောင်းမွန်သော အသင်းကြီးနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုဖြစ်၍ သရေကျရန် နီးစပ်နေပြီး အနိုင်ဆိုပါက အိမ်ရှင် မန်ယူကသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁-၉-၂၀၂၄ တနင်္ဂနွေနေ့ | ည ၁၁း၀၀နာရီ | (၁၃)ဖီအိုရင်တီးနား - မွန်ဇာ(၁၆)<br>(D,D) (D,L) | ဖီအိုရင်တီးနား ၂-၁ မွန်ဇာ<br>မွန်ဇာ ၀-၁ ဖီအိုရင်တီးနား |
| ။ | ။ | (၄)ဂျီနိုအာ - ဗီရိုနာ(၉)<br>(D,W) (W,L) | ဂျီနိုအာ ၁-၀ ဗီရိုနာ<br>ဗီရိုနာ ၁-၂ ဂျီနိုအာ |
| ၂-၉-၂၀၂၄ တနင်္လာနေ့ | နံနက် ၀၁း၁၅နာရီ | (၃)ဂျူဗင်တပ် - ရိုးမား(၁၅)<br>(W,W) (D,L) | ဂျူဗင်တပ် ၁-၀ ရိုးမား<br>ရိုးမား ၁-၁ ဂျူဗင်တပ် |
| ။ | ။ | (၆)အူဒီနီစ် - ကိုမို(၁၈)<br>(D,W) (L,D) | အူဒီနီစ် ၃-၂ ကိုမို<br>ကိုမို ၀-၂ အူဒီနီစ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁-၉-၂၀၂၄ တနင်္ဂနွေနေ့ | ည ၈း၀၀နာရီ | (၄)ဟိုက်ဒန်ဟိမ်း - အော့စ်ဘတ်(၉)<br>(W) (D) | ဟိုက်ဒန်ဟိမ်း ၂-၅ အော့စ်ဘတ်<br>အော့စ်ဘတ် ၁-၀ ဟိုက်ဒန်ဟိမ်း |
| ။ | ည ၁၁း၀၀နာရီ | (၆)ဘိုင်ယန်မြူးနစ် - ဖရိုင်းဘတ်(၂)<br>(W) (W) | ဘိုင်ယန်မြူးနစ် ၃-၀ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၂-၂ ဘိုင်ယန်မြူးနစ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁-၉-၂၀၂၄ စနေနေ့ | ည ၇း၃၀နာရီ | (၃)မိုနာကို - လန်းစ်(၄)<br>(W,W) (W,W) | မိုနာကို ၃-၀ လန်းစ်<br>လန်းစ် ၂-၃ မိုနာကို |
| ။ | ည ၉း၃၀နာရီ | (၁၆)အန်ဂါးစ် - နိုက်စ်(၁၃)<br>(L,L) (L,D) | အန်ဂါးစ် ၁-၁ နိုက်စ်<br>နိုက်စ် ၀-၁ အန်ဂါးစ် |
| ။ | ။ | (၉)လီဟာဗေး - အော်ဇေး(၁၀)<br>(L,W) (W,L) | လီဟာဗေး ၁-၂ အော်ဇေး<br>အော်ဇေး ၂-၃ လီဟာဗေး |
| ။ | ။ | (၁၄)ရမ်းစ် - ရင်းနက်စ်(၈)<br>(L,D) (W,L) | ရမ်းစ် ၂-၁ ရင်းနက်စ်<br>ရင်းနက်စ် ၃-၁ ရမ်းစ် |
| ၂-၉-၂၀၂၄ တနင်္လာနေ့ | နံနက် ၀၁း၁၅နာရီ | (၂)လိုင်လီ - ပီအက်စ်ဂျီ(၁)<br>(W,W) (W,W) | လိုင်လီ ၁-၁ ပီအက်စ်ဂျီ<br>ပီအက်စ်ဂျီ ၃-၁ လိုင်လီ |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁-၉-၂၀၂၄ တနင်္ဂနွေနေ့ | ည ၇း၀၀နာရီ | (၆)နယူးကာဆယ် - စပါး(၅)<br>(W,D) (D,W) | နယူးကာဆယ် ၄-၀ စပါး<br>စပါး ၄-၁ နယူးကာဆယ် |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယစွယ်တော်မြတ်စေတီတော်နှင့် အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းတို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် အေးချမ်းစွာပညာသင်ကြားနေမှုများအား လိုက်လံကြည့်ရှု

**မန္တလေး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဌာ ဓာတုစေတီယစွယ်တော်မြတ်စေတီတော်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းတို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် အေးချမ်းစွာပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယစွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ ရောက်ရှိပြီး ဂန္ဓကုဋိတိုက်တော်တွင် ဥပ္ပါတသန္တိကျမ်းမြတ်အား အလှည့်ကျ ရွတ်ဖတ်ပူဇော်နေသည့် ဆရာတော်ကို ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂန္ဓကုဋိတိုက်တော် အတွင်းအပြင်နှင့် စေတီတော်ပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုပြီး ပြုပြင်မွမ်းမံ ပြင်ဆင်ရန်လိုအပ်သည်များကို မူလလက်ရာမပျက်ပြုပြင်မွမ်းမံဆောင်ရွက်သွားရေး၊ ဘုရားဖူးများ စိတ်ချမ်းမြေ့စေရေး၊ ဝင်ပေါက်တံခါးများ အကုန်ဖွင့်ထားရန်နှင့် ဂန္ဓကုဋိတိုက်အတွင်း မည်သည့်အပိုပစ္စည်းများမှမထားရန် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးနှင့် အတွင်းအပြင်၊ ရင်ပြင်တော် အစဉ်အမြဲသန့်ရှင်းသပ်ရပ်စေရေး၊ ရင်ပြင်တော်တွင်ရေတင်ရေဝပ်ခြင်းများ မဖြစ်စေရေးတို့ကိုလည်းကောင်း၊ စေတီတော်ပရဝဏ်အတွင်း ရေစီးရေလာကောင်းမွန်စေရန် မြောင်းစနစ်များ ကောင်းမွန်စေရေး၊ ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးနှင့် ခွင့်ပြုချက်မရှိ ဖွင့်လှစ်ထားသည့်ဆိုင်ခန်းများ မရှိစေရေး၊ စေတီတော်မြတ်ပရဝဏ်အား သန့်ရှင်းသာယာလှပရေးနှင့် အမြင်တင့်တယ်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။





ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရာတွင် အေးချမ်းပျော်ရွှင်စွာဖြင့် စိတ်ချမ်းမြေ့စွာ သင်ယူနိုင်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ဥပဓိရုပ်များကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာ အမြင်တင့်တယ်စေရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စာသင်ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကိုလည်းကောင်း၊ တွဲဖက်ဖွင့်လှစ်ထားသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး စာသင်ဆောင်တွင် ကျောင်းသား၊ ကျောင်းသူ ၁၀၇ ဦးက ဘာသာရပ်အလိုက် သင်ယူနေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှု၍ ကျောင်းသား၊ ကျောင်းသူများအား နွေးထွေးစွာ နှုတ်ဆက်အားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**















## ငါးသယံဇာတများ ပေါများစေရေးအတွက် ငါးသားပေါက်ကောင်ရေ ၂၄ သိန်းကျော် စိုက်ထည့်

**မန္တလေး ဩဂုတ် ၃၁**

ယခုဘဏ္ဍာနှစ်၌ မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်စေရေးနှင့် ပေါများစေရေးအတွက် နတ်ရေကန် ငါးလုပ်ငန်းစခန်းမှ သဘာဝရေပြင်ကွင်းများသို့ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၂၄ သိန်းကျော်ကို စိုက်ထည့်ပေးထားကြောင်း အဆိုပါ ငါးလုပ်ငန်းစခန်းမှ သိရသည်။

အဆိုပါ ငါးသားပေါက်များကို တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းများမှ ခွဲတမ်းကျ ယခုဘဏ္ဍာအတွင်း စိုက်ထည့်ပေးနေကြောင်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းအနေဖြင့် ငါးသားပေါက်အကောင်ရေ ၃၁ သိန်းကျော်ကိုစိုက်ထည့်သွားရန်လျာထားဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ နှစ်လက်မအရွယ် ငါးသားပေါက် အကောင်ရေ ၂၄ သိန်းကျော်ကို စိုက်ထည့်ပေးထားပြီးဖြစ်ကြောင်း၊ စိုက်ထည့်ပေးခဲ့သည့် ငါးမျိုးများမှာ ငါးမြစ်ချင်း၊ ရွှေဝါ ငါးကြင်း၊ ငါးခုံးမ ငါးမျိုးတို့ကို စိုက်ထည့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"ငါးလုပ်ငန်းစခန်းများအနေနဲ့ ယခုဘဏ္ဍာနှစ်အတွင်းမှာ စခန်းအလိုက်ခွဲတမ်းကျ ငါးမျိုးများကို စိုက်ထည့်ပေးနေပါတယ်။ လက်ရှိအချိန်မှာ နတ်ရေကန်ငါးလုပ်ငန်းစခန်းအနေနဲ့ ငါးသားပေါက်ကောင်ရေ ၂၄ သိန်းကျော်ကို စိုက်ထည့်ပေးထားပြီးဖြစ်ပါတယ်။ ၆၆ ရာခိုင်နှုန်းကျော်လောက် စိုက်ထည့်ပေးပြီးပြီ။ ခုလိုငါးမျိုးတွေကို မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်၊ တမံနဲ့ သဘာဝရေလျှံကွင်းတွေမှာ စိုက်ထည့်ပေးခြင်းကြောင့် ငါးသယံဇာတများစဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေပြီး ပေါများစေဖို့အတွက်ပါ။ ကျေးလက်နေပြည်သူတွေ ရေပြင်ရေရိုးတွေမှာ တစ်ဖက်တစ်လမ်းကနေ ထောက်ပံ့မှုအနေနဲ့ ဖမ်းစားလို့ရနိုင်စေပြီးတော့ ဝင်ငွေများ ရရှိစေဖို့ပါ။ ငါးမျိုးကောင်း မျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရေး၊ ငါးရိက္ခာတွေ ရေရှည်စားသုံးနိုင်စေရေးနဲ့ သားငါးပေါများစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။



အဆိုပါ နှစ်လက်မအရွယ် ငါးများကို နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ ယခုဘဏ္ဍာနှစ်အတွင်း ငါးမျိုးကောင်ရေ ၃၁ သိန်းကျော်ပြည့်သည်အထိ စိုက်ထည့်ပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းတို့မှ မွေးမြူပြီးစခန်းများအလိုက် စိုက်ထည့်ပေးခြင်းဖြစ်ကြောင်း၊ ထိုငါးလုပ်ငန်းစခန်းများအနေဖြင့် ငါးသားပေါက်များကို နှစ်စဉ်စိုက်ထည့်ပေးပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလွှတ် လွှတ်ပေးနေကြောင်း သိရသည်။ (ဝ၇၃)

## စဉ့်ကိုင်မြို့နယ်တွင် အခမ်းအနားမှူး သင်တန်းဆင်းပွဲ ကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ပညာရေးဌာနမှ ဆရာမများ မိမိတို့သက်ဆိုင်ရာကျောင်းတွင်း ဟောပြောပွဲ၊ အစည်းအဝေး၊ ဆွေးနွေးပွဲစသည့် အခမ်းအနားများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ အခမ်းအနားမှူးသင်တန်းကို ဩဂုတ် ၂၆ ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။



အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဟံက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် သင်တန်းသားများအနေဖြင့် အခမ်းအနားမှူးကောင်းတစ်ယောက်မှာ ရှိသင့်ရှိထိုက်သည့် အရည်အချင်းများ၊ တာဝန်များကို ကောင်းစွာနားလည်သဘောပေါက်သွားကြပြီးဖြစ်၍ ပြင်ဆင်သင့်သည့် လိုအပ်ချက်များကို ယခုသင်တန်းမှ အတုယူကာ နောင်တွင် လက်တွေ့အကျိုးရှိရှိ အသုံးချကြစေလိုကြောင်းနှင့် မိမိတို့ဌာနအနေဖြင့် ယခုလို ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ရပ်ကွက်ကျေးရွာနေ ပြည်သူများ အကျိုးပြုစေမည့် သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း စသည့် အကြောင်းအရာများကို ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဟံ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ခဲ့ကြရာ သင်တန်းသား ဆရာမတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကလေးစာဖတ်ခန်းတွင် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**တံတား ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန် ရည်ရွယ်ပြီး ကာယစွမ်းရည်၊ ဉာဏ်စွမ်းရည်ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးလျက်ရှိရာ ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါရုံးကလေးစာဖတ်ခန်းတွင် ပုံပြင်ပြောပြိုင်ပွဲကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ကျောင်းသူ၊ ကျောင်းသား ၁၃ ဦးက ပြိုင်ပွဲဝင် ခေါင်းစဉ်များ မဲနှိုက်ရွေးချယ်ကြပြီး မိမိတို့ကျရာ ခေါင်းစဉ်ဖြင့် ပုံပြင်ပြောပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြပြီး ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အမှတ်တရလက်ဆောင်ချီးမြှင့်ပေးကြသည်။

ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်းတွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချစေရန်၊ အသိပညာဗဟုသုတ တိုးပွားရရှိစေရန်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ကလေးစာဖတ်ခန်းနှင့် ရင်းနှီးကျွမ်းဝင်မှုရရှိစေရန် ရည်ရွယ်ပြီး ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

# ပြန်လှည့်ကြည့်ဖြစ်ခဲ့တဲ့ သဏ္ဍာရာဇ်များ (၈၅)

**မေး** ➢ စာတစ်ပုဒ်ရေးဖို့ ခံစားမှုတစ်ရပ် ရရှိလာတဲ့အခါ အဲဒီခံစားမှုကို ချရေးဖို့ အရင်ဆုံး ဘာသာဗေဒအဖြစ်၊ စကားလုံးတွေအဖြစ် ပြောင်းလဲရတယ်မဟုတ်လား။ တစ်ခါတစ်ခါ ဖြစ်ပေါ်လာတဲ့ ခံစားမှုက စကားလုံးဝေါဟာရတွေအဖြစ် ဖော်ပြလို့ မရနိုင်ဘဲ ဖြစ်နေတာမျိုး ဆရာ့အနေနဲ့ ကြုံဖူးပါသလား၊ အဲဒီအဆင့်တွေကို ဖြတ်ကျော်ပြီး စာတစ်ပုဒ်ဖြစ်လာရတဲ့အထိ ကြိုးစားရပုံကို သိချင်ပါတယ်။

**ဖြေ** ➢ ပြောရမယ်ဆိုရင်ဗျာ…

ဥပမာ-ကဗျာဆရာတစ်ယောက်ဆိုပါတော့၊ သူဟာ စမ်းချောင်းကလေးအတိုင်း လမ်းလျှောက်ပြီး လာခဲ့မယ်။ သူမျက်နှာမူရာအရပ်မှာ တောင်တန်းပြာကြီးတွေ ရှိမယ်။ သူ့ဝဲ၊ ယာ နှစ်ဘက်မှာတော့ လယ်ကွင်းစိမ်းစိမ်းတွေ၊ တောတန်းတွေ၊ သစ်ပင်ချုံနွယ်တွေနဲ့ မနိမ့်မမြင့် တောင်ကမူတချို့ပေါ်မှာ ဘုရားစေတီတွေ ရှိမယ်။ ကျေးငှက်သာရကာတွေ တကျီကျီ မြည်တွန်နေပြီး ကောင်းကင်ကြီးကတော့ ကြည်လင်ပြာလဲ့နေလိမ့်မယ်။

သူလျှောက်လာခဲ့တဲ့ စမ်းချောင်းလေးဟာ တဖြည်းဖြည်း ကျယ်ပြန့်နက်ရှိုင်းပြီး ကောင်းကင်ဟာ အဆုံးအစမဲ့ပြီး တောင်တန်းတွေ မြင့်မားလာသလို သူ့ခံစားမှုဟာ တဖြည်းဖြည်း ကျယ်ပြန့်လာခဲ့ပြီပေါ့။ ကဗျာတစ်ပုဒ် ချရေးဖို့ သူ့စိတ်ကို သူ့ပတ်ဝန်းကျင်က လှုံ့ဆော်ပြီဆိုပါတော့။

သဘာဝတရားက သူ့ကို အများကြီးပေးထားပေးမဲ့ သူ့နှလုံးသားကိုဖြတ်ပြီး ခံစားစီးဆင်းခဲ့ရတဲ့ ပီတိ အစဉ်ကနေ သူ့ဦးနှောက်ထဲထိ စကားလုံးတစ်လုံး ရောက်လာဖို့ဆိုတာကတော့ သိပ်ကိုခဲယဉ်းလှပါတယ်။ သူ့ဦးနှောက်ထဲထိ တိုးဝင်လာတဲ့ စကားလုံးတွေကလည်း ခဏငယ်တိုင်း၊ ခဏငယ်တိုင်းမှာ ဖြစ်ပြီးရင်ပျက်သွားနိုင်တာမို့ သူရရှိလိုက်တဲ့ စကားလုံး တချို့တစ်ဝက်နဲ့ သဘာဝတရားဆီ အရောက်သွားနိုင်ဖို့ဆိုတဲ့ သူ့ဒုက္ခဟာ ဘယ်လောက်များ ကြီးကျယ်လိုက်မလဲဆိုတာ စဉ်းစားသာ ကြည့်ပေတော့။

နှလုံးသားကနေ သူ့ဦးနှောက်ထဲထိ စုစည်းထားရတဲ့ စိတ်အလုပ်နဲ့ သူ့လက်ကနေ သူ့အိတ်ကပ်ကို နှိုက်ရတဲ့ ခန္ဓာကိုယ်အလုပ်၊ အလုပ်နှစ်ခုတစ်ပြိုင်နက် ဆောင်ရွက်နေဆဲမှာ သူစုစည်းထားရတဲ့အခြေအနေ အတော်များများဟာ ပျက်စီးဆုံးရှုံးသွားနိုင်ပြန်တာပဲ။

အဲဒီလို အခက်အခဲတိုင်း၊ အခက်အခဲတိုင်းကို ကျော်ဖြတ်ပြီး နောက်ဆုံးတော့ ကဗျာဆရာတစ်ယောက်ဟာ ကျယ်ပြန့်နက်ရှိုင်းတဲ့ သဘာဝတရားကြီးကို သိမ်းပိုက်နိုင်ရုံတင်မကဘဲ အဲဒီ သဘာဝတရားကြီးရဲ့ အပြင်ဘက်ကိုတောင် သူ့ဆန္ဒရှိမယ်ဆိုရင် ခုန်ထွက်ချင် ခုန်ထွက်သွားနိုင်သပေါ့။

**မေး** ➢ တချို့ ဝေဖန်ရေးဆရာတွေ ပြောတတ်တဲ့ စကားတစ်ခွန်းရှိပါတယ်။ ဒါမျိုးတွေ ချမရေးသင့်ဘူးတဲ့။ အဲ့ဒီစကားနဲ့ပတ်သက်ပြီးတော့ပေါ့လေ၊ ကျွန်တော့်အနေနဲ့ သိပ်မကြည်လင်ဘူး။ ဒီကမ္ဘာလောကကြီးအတွင်းမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေထဲက ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ် ဒါမှမဟုတ် အနုပညာပစ္စည်းတစ်ခုအဖြစ် မဖန်တီးအပ်တာမျိုး ရှိနေနိုင်ပါသလား၊ ဆရာ့အယူအဆနဲ့ သဘောထားအမြင်ကို သိပါရစေ။

**ဖြေ** ➢ ဘာဖြစ်လို့ရှိရမှာလဲ။ ချမရေးသင့်တာ အနုပညာပစ္စည်းတစ်ရပ်အဖြစ် ဖန်တီးနိုင်တာ ဒီကမ္ဘာလောကကြီးအတွင်းမှာ ရှိကိုမရှိဘူး။ ကျွန်တော်ကတော့ ကိုယ်ရေးချင်တဲ့အကြောင်းအရာ ရေးကိုရေးမှာပဲ။ ကျွန်တော်မရေးတာကတော့ မရေးချင်လို့ပဲ ဖြစ်မှာပေါ့။

**မေး** ➢ ဆရာက ကဗျာရော၊ ဝတ္ထုရော နှစ်မျိုးစလုံးရေးခဲ့တယ်နော်။ ဆရာ့ဝတ္ထုတွေမှာ ကဗျာအငွေ့အသက်၊ ကဗျာဆန်မှုကို ရှူရှိုက်ထိတွေ့မိရပါတယ်။ ကျွန်တော်မေးချင်တာက ဒီလိုပါ၊ တစ်ချိန်ချိန်မှာ ဝတ္ထုနဲ့ကဗျာ စာပေပုံသဏ္ဍာန်နှစ်ရပ်ဟာ ရောထွေးသွားနိုင်မလား။ ဇော်ဇော်အောင်ကတော့ ဝတ္ထုနဲ့ ကဗျာ ကာခြားထားတဲ့ နံရံဟာ ပါးပါးကလေးပဲ ကျန်ရှိတော့တယ်လို့ သူ့စာတစ်ပုဒ်ထဲမှာ ပြောသွားခဲ့ဖူးတယ်။ ထူးခြားတဲ့အမြင်တစ်ရပ်ပါပဲ။ ဆရာ့အနေနဲ့ ဇော်ဇော်အောင် အမြင်ကို သဘောတူပါသလား။

**ဖြေ** ➢ ဆရာဇော်ဇော်အောင် အမြင်ကို သဘောမတူပါဘူးလို့ ကျွန်တော်ဘယ်လိုလုပ်ပြီး ငြင်းဆိုနိုင်မှာလဲ။ ငြင်းဆိုနေစရာကိစ္စမှ မဟုတ်ဘဲ။ ဒါပေမယ့် ထူးခြားတဲ့ အမြင်တစ်ရပ်ပါပဲဆိုတဲ့ ခင်ဗျားရဲ့ကောက်ချက်ကိုတော့ ကျွန်တော် မထောက်ခံနိုင်ဘူး။ ဟိုဘက်ခန်းနဲ့ ဒီဘက်ခန်းကို နံရံတစ်ချက်ပဲ ခြားထားတယ်လို့ ကျွန်တော်ပြောရင် ခင်ဗျားငြင်းဖို့ စကားလုံးမရှိတော့သလိုမျိုးပဲ ဖြစ်မှာပေါ့။ ဝတ္ထုနဲ့ ကဗျာကို ကာခြားထားတဲ့နံရံဟာ အစကတည်းက ပါးပါးကလေးပါ။

အဲ…တဖြည်းဖြည်း ပိုပါးလာလို့ ဆိုလိုရင်တော့ ဒီထက်ပိုပြီး ပါးမသွားအောင် ကျွန်တော်တို့က ကြိုးစားခုခံထားရမှာပဲ။ ဒါက ဝတ္ထုဆိုတဲ့ ပုံသဏ္ဍာန်နဲ့ ကဗျာဆိုတဲ့ ပုံသဏ္ဍာန်ကို အများနားလည်ပြီးသားဖြစ်တဲ့ ယေဘုယျအမြင်နဲ့ ပြောတာပါနော်။

နောက်ပြီး ခင်ဗျားမေးတာ…တစ်ချိန်ချိန်မှာ ဝတ္ထုနဲ့ ကဗျာစာပေပုံသဏ္ဍာန်နှစ်ရပ်ဟာ ရောထွေးသွားနိုင်မလား … ဟုတ်လား၊ ခင်ဗျားကပဲ စကားလုံးအသုံးအနှုန်း မှားနေတာလား။ ကျွန်တော်ကပဲ သဘောပေါက်မှု လွဲချော်နေတာလား မသိဘူး။ စကားပြေနဲ့ ကဗျာလို့ ခင်ဗျား ပြင်မမေးချင်တော့ဘူးလား။

**မေး** ➢ မဟုတ်ဘူးဆရာ။ စကားပြေနဲ့ကဗျာလို့ ပြင်ပြောလိုက်ရင်တော့ ကျွန်တော်တို့ဆွေးနွေးရတာ ပိုပြီး ရှင်းရှင်းလင်းလင်း ရှိသွားမှာပေါ့။ ဒါပေမဲ့ ကျွန်တော် ပိုပြီး ဆွေးနွေးချင်နေတာက ဝတ္ထုဆိုတဲ့ ပုံသဏ္ဍာန်နဲ့ ကဗျာရဲ့ဆက်စပ်မှုကိုပါပဲဆရာ။

**ဖြေ** ➢ ဒါဆိုရင်တော့ ပြောရတာ နည်းနည်းပါးပါး ပိုပြီး ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားလိမ့်မယ် ထင်ပါတယ်။ ဝတ္ထုဆိုတာ စကားပြေရဲ့အခိုင်အမာ ပုံသဏ္ဍာန်တစ်ရပ်အနေနဲ့ အများနားလည်သိရှိပြီး ဖြစ်ပေမယ့် တကယ်တမ်းကျတော့ ဝတ္ထုဆိုတာ "ဇာတ်လမ်း" တစ်နည်းအားဖြင့် "အဖြစ်အပျက်" ပဲ မဟုတ်ဘူးလား၊ ဇာတ်လမ်းဖွဲ့တာ ထင်ရှားတဲ့ အဖြစ်အပျက်တွေမပါဘဲ ဝတ္ထုအဖြစ် ဖန်တီးကြိုးစားနေကြတဲ့ အခန်းကဏ္ဍကို ကျွန်တော်တို့ ခဏမေ့ထားလိုက်ပါဦး။ တကယ်တမ်း အခိုင်အမာ တည်ရှိနေတာက စကားပြေနဲ့ကဗျာဆိုတဲ့ ပုံသဏ္ဍာန်နှစ်ခုတည်းပါပဲ။

ဖြတ်သန်းလာခဲ့ရတဲ့ စာပေခေတ်တွေကို ပြန်လှန်ကြည့်မယ်ဆိုရင် ဝတ္ထုတို့၊ ပြဇာတ်တို့ဆိုတာတွေကို ကဗျာပုံသဏ္ဍာန်နဲ့ရေးခဲ့ကြတာ အထင်အရှားပါပဲ။ ဘယ်လိုပုံသဏ္ဍာန် ကိုင်စွဲရမလဲဆိုတဲ့ ရွေးချယ်မှုဟာ ခေတ်ရဲ့ရင်ခုန်သံ၊ ခေတ်ရဲ့ တောင်းဆိုမှုနဲ့လည်း သက်ဆိုင်ပါတယ်။ သူ့ခေတ် သူ့အခါရဲ့ တောင်းဆိုမှုအရ အဖြစ်အပျက်တွေ ထင်ရှားပါဝင်တဲ့ ပြဇာတ်ကြီးတွေ ကဗျာပုံသဏ္ဍာန်နဲ့ ရေးခဲ့ကြတယ်။ နန်းတွင်းဇာတ်ဝတ္ထုကြီးတွေကိုလည်း ကဗျာနဲ့ရေးခဲ့ကြတယ် မဟုတ်လား။

အဲဒီတော့ အကျဉ်းချုပ်ပြောရရင် ဝတ္ထုတို့၊ ပြဇာတ်တို့ကို ရှုပ်ထွေးခက်ခဲလိုရင်းမရောက်နိုင်တဲ့ ကဗျာပုံသဏ္ဍာန်ဆီကလှည့်ပြီး စကားပြေနဲ့ရေးဖို့ ကြိုးစားခဲ့ကြရတာပါ။ စကားပြေကို သုံးလာခြင်းအတွက် ဝတ္ထုကို ပိုပြီးလိုရင်းရောက်စေပြီး ကဗျာကိုလည်း ပိုပြီးသန့်ရှင်းစင်ကြယ်သွားစေတဲ့ တစ်ချက်ခုတ် နှစ်ချက်ပျက်ကိစ္စပါ။ ခေတ်ရဲ့ရင်ခုန်သံနဲ့ ခေတ်ရဲ့တောင်းဆိုမှုပဲလို့လည်း ပြောလို့ရပါတယ်။

ဒါကို ဝတ္ထုနဲ့ ကဗျာ ပြန်ရောပစ်မယ်ဆိုရင်တော့ တိုးတက်တာ မဟုတ်နိုင်ဘူး။ နောက်ပြန် ဆုတ်ယုတ်တာပဲ ဖြစ်လိမ့်မယ်။ မျက်မှောက်ကာလရဲ့ ကမ္ဘာ့ဆက်သွယ်ရေးစနစ်ကို ကျောခိုင်းငြင်းဆန်တာလည်း ဖြစ်လိမ့်မယ်။ ကဗျာကို တိုးတက်အောင် ကြိုးပမ်းအားထုတ်နေကြတဲ့ ကဗျာဆရာစစ်စစ်တွေက လက်မခံနိုင်သလို စကားပြေကို တိုးတက်အောင် ကြံဆောင်နေကြတဲ့ ပုဂ္ဂိုလ်တွေကလည်း ငြင်းဆိုမှာပဲ။

နောက်ပြီးတော့ ဘာတဲ့ … ခင်ဗျားပြောတာ၊ ဆရာ့ဝတ္ထုတွေဟာ ကဗျာအငွေ့အသက်၊ ကဗျာဆန်မှုကို ရှူရှိုက်ရတယ် ဟုတ်လား။ ကျွန်တော့်စကားပြေဟာ သိပ်ပြီး ကဗျာဆန်လွန်းနေတယ်ဆိုရင်တော့ ကျွန်တော်ရဲ့ လွဲချော်မှားယွင်းနေတဲ့ အားထုတ်မှုတစ်ခုပဲ ဖြစ်လိမ့်မယ်။ ပျော့အိညွတ်ခွေပြီး ကဗျာဆန်လွန်းတဲ့စကားပြေကို ကျွန်တော် မုန်းတယ်။ မလိုအပ်ဘဲ ဖန်တီးတီထွင်ထားတဲ့ စကားပြေကို ကျွန်တော်မုန်းတယ်။ ခံစားမှုမဲ့တဲ့ စကားပြေတွေကို ကျွန်တော်မုန်းတယ်။ အတုအပ၊ အမွှမ်းအမံတွေ များလွန်းတဲ့ စကားပြေကို ကျွန်တော် မုန်းတယ်။



ပိုင်စိုးဝေ ၁၉၉၁ ကဗျာများ

မာကျောခိုင်ခံ့ပြီး ကဗျာဓာတ်ပါတဲ့ စကားပြေကိုတော့ ကျွန်တော်မြတ်နိုးတယ်။ စကားလုံးတိုင်း၊ စကားလုံးတိုင်း ကြည်လင်သန့်ရှင်းပြီး တစ်ခုနဲ့တစ်ခု ပြေပြစ်ညီညွတ်မှုရှိတဲ့ ဝါကျမျိုးကို ကျွန်တော်အားထုတ်ချင်တယ်။ စာပိုဒ်တစ်ခုချင်းမှာ နောက်ဆုံးစာပိုဒ်ရဲ့အချုပ်ဟာ ပထမဆုံးအကြောင်းလို ပြန်လှန်ငဲ့ကြည့်တာမျိုး ဖြစ်စေချင်တယ်။ စကားလုံးတိုင်း၊ ဝါကျတိုင်းဟာ ဘဝတစ်ခုလုံးနဲ့ ရင်းနှီးမြှုပ်နှံပြီးမှ ရရှိလာတဲ့ ခေတ်ပေါ်စကားပြေအရေးအသားကို ကြိုးစားဖန်တီးနေကြတဲ့ ပုဂ္ဂိုလ်တွေကို ကျွန်တော် လေးစားတယ်။

ဆရာ ပိုင်စိုးဝေသည် ကျွန်တော်တို့ထက် အသက် ၁၀ နှစ်ကျော် ၁၅ နှစ်နီးပါး အသက်ကြီးသော်လည်း ကျွန်တော်တို့နှင့်အတူ သွားလာနေထိုင်သောအခါ အသက်အရွယ်ကို ခဏမေ့ထားကြပြီး သက်တူရွယ်တူပမာ လွတ်လပ်ပွင့်လင်းစွာ၊ ချစ်ခင်ရင်းနှီးစွာ လက်ဖက်ရည်ဆိုင် အတူထိုင်၊ ညနေခင်းအဖြူဆိုင် အတူထိုင် ကြလေ့ရှိသည်။

သို့ကြောင့်လည်း ဆရာ ပိုင်စိုးဝေကို ကျွန်တော်တို့ အင်တာဗျူးလုပ်ကြသောအခါ မေးမြန်းသောမေးခွန်းများမှာလည်း အားမနာတမ်း ပွင့်လင်းစွာ မေးမြန်းကြသည်။ ဆရာကလည်း အားမနာတမ်း ပွင့်လင်းစွာ ဖြေပေးခဲ့သည်ကို ယခုအချိန်အထိ အမှတ်ရနေမိပါသည်။

**သွယ်အောင်**



## တောင်သူနည်းပညာပေး သင်တန်းဖွင့်လှစ်

**ခန္တီး ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် ခန္တီးခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ပြည်သူများအား သစ်သီးဝလံပင်များတွင် ပင်ပိုင်းဆိုင်ရာ မျိုးပွားနည်းစနစ်များ ရင်းနှီးကျွမ်းဝင်လာစေရန်နှင့် ပင်ပိုင်းဆိုင်ရာ မျိုးပွားနည်းစနစ် အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ သိရှိလာစေရန် ရည်ရွယ်၍ ပင်ပိုင်းဆိုင်ရာ မျိုးပွားခြင်း နည်းစနစ်များ တောင်သူနည်းပညာပေး သင်တန်းကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက ခန္တီးခရိုင်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ခန္တီးခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးနိုင်မော်လွင်က အဖွင့်အမှာစကား ပြောကြားကာ သင်တန်းတွင် အသုံးပြုရမည့် သင်ထောက်ကူပစ္စည်းများအား တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်ခဲ့ပြီး ဦးစီးအရာရှိ ဦးကျော်မြင့်ဦးက စိုက်ပျိုးရေး ဦးစီးဌာနမှ ထုတ်ဝေထားသည့် နဂါးမောက်သီးပင် စိုက်ပျိုးနည်း၊ မြေထုပ်စည်းမျိုးပွားနည်း စိုက်ပျိုးရေးနည်းပညာပေး လက်ကမ်းစာစောင်များ ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား တောင်သူ ဦးရက်ဆိုင်းက လက်ခံရယူခဲ့သည်။

ထို့နောက် ခန္တီးခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးမင်းမင်းဇော်က သရက်ပင်မြေထုပ်စည်းခြင်းနှင့် နဂါးမောက်ကိုင်းပင်ထိုး မျိုးပွားခြင်း နည်းစနစ်များကို လက်တွေ့သရုပ်ပြသရာ သင်တန်းသား၊ သင်တန်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။ ဆက်လက်၍ သင်တန်းအား ပြုလုပ်ရာ ခရိုင်မျိုးစေ့တာဝန်ခံ ဦးဝင်းကျော်ထွန်းက ပင်ပိုင်းဆိုင်ရာ မျိုးပွားခြင်းနည်းစနစ်တွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ပင်ပိုင်းဆိုင်ရာ မျိုးပွားခြင်း ဆောင်ရွက်ပုံ အဆင့်ဆင့်တို့အား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြန်လည်ဖြေကြားပေးခဲ့သည်။ အဆိုပါ သင်တန်းသို့ သက်ဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတောင်သူများ ၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

**လယ်ဝေး ဩဂုတ် ၃၁**

ပြည်ထောင်စုနယ်မြေ၊လယ်ဝေးမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရွှေရတုခန်းမတွင် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ၂၀၂၄-၂၀၂၅ပညာသင်နှစ်၊ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမာနှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ လယ်ဝေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့်အဖွဲ့ဝင်များ၊ ခုတင် ၁၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒာကျော်၊ မြို့နယ်ပညာရေးမှူး ဦးအောင်လွင်နှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းသား၊ကျောင်းသူလေးများက အစာအုပ်စုသုံးခုအကြောင်း ရှင်းလင်းတင်ပြခြင်း၊ ဆေးဖက်ဝင်မီးဖိုချောင်သုံးပစ္စည်းများ၏ အသုံးဝင်ပုံ၊ ဆေးဖက်ဝင် ပရဆေးပင်များ၏ အသုံးဝင်ပုံတို့ကို ရှင်းလင်းပြောကြားခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ သန့် လေးသန့်၊ သွားတိုက်နည်း သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ပြီး ကျောင်းသား၊ကျောင်းသူလေးများအား သွားကျန်းမာရေး စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျွန်းလှ၌ Mpox (မျောက်ကျောက်) ရောဂါအကြောင်း အသိပညာပေးဟောပြော

**ကျွန်းလှ ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် Mpox (မျောက်ကျောက်) ရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၃၁ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ကျွန်းလှ) ခန်းမ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျွန်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ရီရီဝင်းက Mpox (မျောက်ကျောက်)ရောဂါ သံသယဖြစ်ဖွယ် လက္ခဏာများ၊ ကူးစက်နိုင်ခြေရှိသည့်နည်းလမ်းများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့က ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၈၀)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

### ပြုပြင်စို့လေ တို့တစ်တွေ

* လောကကြီးမှာ ၊ လူတကာတို့
ကိုယ့်မှာထင်ရှား ၊ အပြစ်များကို
ရှိပြားမထင် ၊ မမြင်ကြဘဲ
သန်းခေါင်းတမျှ ၊ သေးငယ်လှသား
မမြင်ဝိုးဝါး ၊ မထင်ရှားသည်
သူတစ်ပါး၏ ၊ အပြစ်ကိုမြင်
ရှုံ့ချပြစ်တင် ၊ ဝေဖန်ချင်ကြ
လူ့သဘာဝ ။

* သူတစ်ပါးပြစ် ၊ ရာဖွေလုစ်သို့
မိမိကိုယ်မှာ ၊ စဉ်းစား၍သာ
ရှာဖွေပါက ၊ များစွာအပြစ်
တွေ့လိမ့်တည်း ။

* တွေ့ရှိလေငြား ၊ အပြစ်များကို
စဉ်းစားဝေဖန် ၊ ဆင်ခြင်ဉာဏ်ဖြင့်
ပြုပြင်ဖယ်ရှား ၊ နေထိုင်သွားက
အများပြည်သူ ၊ ရှင်လူအများ
ကြည်ညိုလေးစား ၊ ချစ်ခင်များလိမ့်
လောကနီတိ ၊ မိန့်ရှိအတိုင်း
မရိုင်းရအောင် ၊ ပြုပြင်စို့လေ
တို့တတွေ ။ ။

**ဆန်း (မန္တလေး)**



## ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**အောင်လံ ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ အပတ်စဉ်စနေနေ့ စုပေါင်းသန့်ရှင်းရေးကို ယနေ့ နံနက် ၇ နာရီက အောင်လံမြို့၊ ကုသိနာရုံဘုရားကြီး အရှေ့ဘက်အတက်လမ်း လမ်းဘေးဝဲ၊ ယာနေရာ၊ စွယ်တော်တိုက်တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းအတွင်းနေရာများ၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ၊ ကုသိနာရုံဘုရားကြီးအရှေ့ဘက် အတက်လမ်း လမ်းဘေးဝဲ၊ ယာ နေရာ၊ စွယ်တော်တိုက် တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းအတွင်း နေရာများရှိ သစ်ရွက်ခြောက်များ၊ ပေါင်းမြက်၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းပြီး ထွက်ရှိလာသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**



# သတင်းပဒေသာ

## လူငယ်ရေးရာ အသိပညာပေးဟောပြော

ကျောင်းသားလူငယ်များ ကျောင်းသင်ခန်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန်နှင့် ငယ်စဉ်ကတည်းက စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် ဌာနဆိုင်ရာများနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့နံနက် ၁၀နာရီက ကက်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သရဖီဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

၂၀၂၄-၂၀၂၅ ကျောင်းကျန်းမာရေး စောင့်ရှောက်မှု ရက်သတ္တပတ်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေး စစ်ဆေးပေးခြင်း ဆောင်ရွက်ခြင်းကို ဩဂုတ် ၂၉ရက်တွင် အခြေခံပညာကျောင်းများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ သီရိခန်းမ၌ ကျောင်းသားလူငယ်များ စာပေအသိပညာ ဗဟုသုတကြွယ်ဝစေရေးနှင့် စာဖတ်သည့်အလေ့အထ ရရှိစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထက်က အဖွင့်အမှာစကားနှင့် လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းနှင့် စာအုပ်များအသစ်လဲလှယ်ပေးခြင်းကို အပတ်စဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ရက် မွန်းလွဲ ၁နာရီက မိုင်းခတ်မြို့၊ အမှတ်(၂)ရပ်ကွက်နေပြည်သူများထံ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခြင်းကို ဩဂုတ် ၃၀ရက် နံနက် ၁၀ နာရီက မြို့နယ်ကမ္ဘောဇခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ဗလငါးတန်ဖွံ့ဖြိုးရေးဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့၌ လူငယ်ကဏ္ဍမြှင့်တင်ရေး ကျောင်းသား၊ ကျောင်းသူများ အားကစားဖြင့် အကောင်အထည်ဖော်ဆောင်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးအတွက်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၀ရက် နံနက် ၉နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း(မိုင်းခတ်)တွင် ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင် အလှူငွေပေးအပ်



**မန္တလေး ဩဂုတ် ၃၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်ရာ ရှေးဦးစွာ အလှူရှင်မိသားစု ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊သင်တန်းသားသံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ(ဓမ္မစရိယBA)အရှင်မြတ်က ရေစက်ချအနုမောဒနာဟောကြားချီးမြှင့်ပြီး မန္တလေးမြို့၊ ၇၄ လမ်း၊ ၂၇လမ်းနှင့်၂၈လမ်းကြားနေ ဇော်ဇော်စာပေမိသားစုက ကွယ်လွန်သူ ဦးဘုန်းမြင့်+ဒေါ်ညွန့်မေတို့အား ရည်စူး၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၃သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် သုံးသိန်း၊ စုစုပေါင်း ငွေကျပ် ၁၆ သိန်းကို လှူဒါန်းရာ ဥပ္ပဋ္ဌာကအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။**(အပေါ်ဝဲပုံ)**

**(ကဆ)**


## စွယ်တော်(မန္တလေး)ဗုဒ္ဓဥယျာဉ်တော်သို့ ရေကန်များ လှူဒါန်းကုသိုလ်ပြု

**မန္တလေး ဩဂုတ် ၃၁**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ဘာဝနာဌာန၊ပဓာနနာယကဆရာတော် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရုဦးဆောင်သည့် စွယ်တော်(မန္တလေး) ဗုဒ္ဓဥယျာဉ်တော်ကြီးတွင် သစ်ပင်၊ ပန်းပင်(ဇောခိပင်)များ၊ရေအလွယ်တကူလောင်းနိုင်စေရန် အလှူရှင် မန္တလေး၊ ၃၄လမ်းနှင့် ၈၈လမ်းနေ ပခုက္ကူ ဦးလှပို(သစ်လုပ်ငန်း) + ဒေါ်ငွေရှင် မိသားစုက စွယ်တော် ရေကန်အတွက် ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ရေကန် တစ်ကန်ကို ယမန်နေ့က လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး) ဥက္ကဋ္ဌကိုယ်စား ရုံးအဖွဲ့ဝင် ဒေါ်နွယ်နီက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

အလားတူ မန္တလေးမြို့နေ အလှူရှင် ဦးသန်းထွန်း+ဒေါ်တင်တင်ထွေး(ဒေဝီရွှေဆိုင်)မိသားစုက တန်ဖိုး သုံးသိန်းကျပ်ရှိ ရေကန် သုံးကန်၊ မန္တလေးမြို့နေ အလှူရှင် ဦးဘမြင့်+ဒေါ်ဝင်းတို့အား ရည်စူး၍ (သား)ဦးဝင်းမြင့်က တန်ဖိုး တစ်သိန်းကျပ်ရှိ ရေကန်တစ်ကန် အသီးသီးလှူဒါန်းကုသိုလ်ပြုကြသည်။ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၉၂၅၂၂ နှင့် ၀၉-၄၄၂၀၇၄၄၆၆ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကဆ)**





## ဖြူဟန္တစိုရ်လူမှုကူညီရေးအသင်းသို့ ကျန်းမာရေးဆေးပဒေသာပင် လှူဒါန်း

**မန္တလေး ဩဂုတ် ၃၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ ဖြူဟန္တစိုရ်လူမှုကူညီရေးအသင်း ကျန်းမာရေး၊ သဘာဝဘေး၊ လူမှုကူညီရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စေတနာရှင်များက ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိရာ ဩဂုတ် ၃၀ရက် နံနက်ပိုင်းက မန္တလေးမြို့၊ မဟာအောင်မြေ ၈၁လမ်း၊ ၄၃လမ်းနှင့် ၄၄လမ်းကြားနေ ဒေါ်မေမေခင် (၆၈)နှစ်မွေးနေ့ကုသိုလ် ကျန်းမာရေးဆေးပဒေသာပင်ငွေကျပ် ၁၀ သိန်း၊ မန္တလေးမြို့နေ ဦးအေးပို+ဒေါ်မြင့်မြင့်သန်း မိသားစုက (မြေး)မအိမ့်မိုးဦး မွေးနေ့ ဆေးပဒေသာပင် ငွေကျပ် နှစ်သိန်းနှင့် Blood GlucoseTestStrips ၅၀ခုကို လည်းကောင်း၊ ဘူမိဗေဒဌာနပါမောက္ခ ဒေါက်တာ ဝင်းဝင်းကြည်အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ဆေးပဒေသာပင် ငွေကျပ် နှစ်သိန်းတို့ကို လှူဒါန်းရာ ဖြူဟန္တစိုရ်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာငြိမ်းငြိမ်း၊အတွင်းရေးမှူး ဦးမောင်မောင်တာနှင့် အမှုဆောင်များက လက်ခံရယူကြပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ဖြူဟန္တစိုရ်လူမှုကူညီရေးအသင်းသို့ မိမိကိုယ်တိုင်(သို့မဟုတ်)ကိုယ်စားလှူဒါန်းလိုပါက မြန်မာစီးပွားရေးဘဏ်ငွေစာရင်းအမှတ် SF-001683၊ KBZ ဘဏ် ၀၄၁၃၀၄၀၄၁၀၁၄၈၁၂၀၁ သို့လည်းကောင်း၊ ဖုန်း ၀၂-၂၈၄၄၃၅၀၊၀၉-၂၅၉၃၆၀၀၁၁၊၀၉-၂၅၉၃၆၀၀၂၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကဆ)**

## ပျောက်ကျောက်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကွန်ဟိန်း ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ကွန်ဟိန်းမြို့၌ ပျောက်ကျောက်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီခန့်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်ခင်မာအေးက ပျောက်ကျောက်ရောဂါအကြောင်းသိကောင်းစရာများ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ဆောင်ရန်/ရှောင်ရန် အချက်များကို အသိပညာပေးဟောပြောခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

သင့်
သွေးဖြင့်
အသက်ကယ်ပါ ။

# နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်ရောဂါ သို့မဟုတ် မျောက်ကျောက်အန္တရာယ် သတိရှိစေလို

မျောက်ကျောက်ရောဂါသည် ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ (DRC) တွင် ယခုနှစ်စတည်းက ရောဂါဖြစ်ပွားမှု သိသိသာသာ တိုးလာပြီး ကူးစက်ခံရသူပေါင်း ၁၅၆၀၀ ကျော်နှင့် သေဆုံးသူ ၅၃၇ ဦးအထိ ရှိခဲ့၍ အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ဩဂုတ် ၁၃ ရက်တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ပါသည်။ ထိုသတင်း ထုတ်ပြန်ပြီး နောက်တစ်ရက်အကြာ ဩဂုတ် ၁၄ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကလည်း (Mpox) မျောက်ကျောက်ရောဂါကို "Public Health Emergency of International Concern (PHEIC) - နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေ"အဖြစ် ကြေညာခဲ့သည်။

**တစ်ကျော့ပြန် မျောက်ကျောက်ရောဂါ**

၁၉၅၈ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့ရှိ ဓာတ်ခွဲခန်းက မျောက်များတွင် ဗိုင်းရပ်စ်ရောဂါပိုးတစ်မျိုး စတင်တွေ့ရှိခဲ့သဖြင့် Monkeypox (မျောက်ကျောက်ရောဂါ) ဟု အမည်ပေးခဲ့သည်။ သို့သော် ယင်းဗိုင်းရပ်စ်ပိုး အမည်မှည့်ရာတွင် ခွဲခြားမှုနှင့် မနှစ်မြို့စရာများရှိနေကြောင်း စောဒကတက်မှုများကြောင့် ၂၀၂၂ ခုနှစ် အကုန်တွင် Mpox သို့ ပြောင်းလဲခေါ်ဆိုရန် WHO က ကြေညာခဲ့သည်။ မျောက်ကျောက်ရောဂါကို ကမ္ဘာလုံးဆိုင်ရာအရေးပေါ်အခြေအနေအဖြစ် ၂၀၂၂ ခုနှစ်မှာ ကြေညာခဲ့စဉ်က ရောဂါအပြင်းစားမဟုတ်သည့် Clade 2 အမျိုးအစား ဖြစ်သည်။

သို့သော် ယခု ၂၀၂၄ ခုနှစ် တစ်ကျော့ပြန်ဖြစ်ပေါ်လာသည့် အခြေအနေတွင် တွေ့ရသည့်အမျိုးအစားမှာ ပိုမိုကူးစက်မြန်ပြီး ပြင်းထန်သည့် ဗိုင်းရပ်စ်မျိုးကွဲအသစ် Clade 1b ဖြစ်သည်။ ထိုမျိုးကွဲအသစ်သည် ကူးစက်ခံခဲ့ရသူ လူပေါင်း ၁၀ ရာခိုင်နှုန်းနှင့်အထက်ကို သေဆုံးနိုင်သည်အထိ ဖြစ်စေသလို ကူးစက်မှုလည်း မြင့်တက်နေဆဲ ဖြစ်သည်။ ထို့ကြောင့် ယခုတွေ့ရသည့် Clade 1b ပိုးမျိုးစိတ်သစ်ကို သိပ္ပံပညာရှင်တစ်ဦးက 'အန္တရာယ်အကြီးဆုံး ပိုးမျိုးစိတ်တစ်ခု'အဖြစ် ခေါ်ဝေါ်သုံးနှုန်းထားသည်။

လတ်တလော ကွန်ဂိုနိုင်ငံတွင် ပျံ့နှံ့နေသည့် Clade 1b အမျိုးအစားသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သည့်အတွက် ပိုမိုပြင်းထန်ပြီး ပိုအန္တရာယ်ရှိသည်။ ယင်းအမျိုးအစားသည် ကူးစက်ခံရသူနှင့် နီးနီးကပ်ကပ်ရှိနေမည်ဆိုပါက အချိန် ၄ နာရီအတွင်း ကူးစက်နိုင်သည်။ Clade 2 အမျိုးအစားသည် Clade 1b လောက် ပြင်းထန်မှု မရှိပေ။ Clade 2 အမျိုးအစား ကူးစက်ခံရသူများ၏ ၉၈ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ပြီး လိင်တူဆက်ဆံခြင်းမှ ကူးစက်ခံရသူ ပိုများသည်။ မည်သို့ပင်ဆိုစေကာမူ Clade 1b ၊ Clade 2 နှင့် ၎င်းတို့၏ မျိုးကွဲများအားလုံးသည် ကလေး၊ လူကြီးမရွေး ကူးစက်နိုင်ပါသည်။

ဤဆောင်းပါးရေးနေချိန် ဩဂုတ်လ၏ စတုတ္ထ ရက်သတ္တပတ်အတွင်း ထွက်ပေါ်လာသောသတင်းများအရ လူဦးရေသန်း ၁၀၀ နီးပါးရှိသော ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ (DRC) ရှိ ပြည်နယ် ၂၆ ခုစလုံးတွင် မျောက်ကျောက်ရောဂါ ဗိုင်းရပ်စ်မျိုးကွဲသစ် (Clade 1b) လျင်မြန်စွာ ကူးစက်ပျံ့နှံ့လာရုံမျှမက၊ ကွန်ဂိုနိုင်ငံအပြင်ဘက် ဘရွန်ဒီ၊ ဗဟိုအာဖရိကသမ္မတနိုင်ငံ၊ ရဝမ်ဒါအပါအဝင် အခြားအာဖရိကတိုက်ရှိ နိုင်ငံများတွင် ကူးစက်လူနာများရှိနေပြီး နိုင်ငံအရှေ့ပိုင်းတွင် နယ်စပ်ဖြတ်ကျော်ကူးစက်မှုများလည်း ရှိနေပါသည်။

ကူးစက်မှုများကို ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်သော်လည်း လက်ရှိအနေအထားအရ ထိုကာကွယ်ဆေးကို အာဖရိကတိုက်တွင်သာ ရောဂါကူးစက်နိုင်သော အန္တရာယ်ရှိသူများ သို့မဟုတ် ကျန်းမာရေးဝန်ထမ်းများ သို့မဟုတ် ရောဂါကူးစက်ဖူးသူနှင့် နီးနီးကပ်ကပ်ထိတွေ့ခဲ့သူတွေသာ ကာကွယ်ဆေးပေးရန် ခွင့်ပြုထားသည့် အခြေအနေသာ ရှိနေပါသေးသည်။ ရောဂါကူးစက်ခံရသူအများစုသည် ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လေ့ရှိသော်လည်း လေ့လာမှုမှတ်တမ်းများအရ ရောဂါကူးစက်မှုဖြစ်စဉ် ၁၀၀ တွင် လေးခုခန့်က အသက်သေဆုံးသည်အထိ ဖြစ်နိုင်ကြောင်း တွေ့ရသည်။

**သတိရှိစေလို**

ကမ္ဘာကြီးအတွင်း တစ်ကျော့ပြန်ပေါ်လာနေသော မျောက်ကျောက်ရောဂါ ပေါ့ပေါ့တန်တန် သဘောမထားသင့်ပေ။ အဘယ်ကြောင့်ဆိုသော် မိမိတို့နှင့် အနီးဆုံး အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံတွင် Mpox Clade 1b ရောက်ရှိနေပြီ ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ဩဂုတ် ၂၁ ရက် ထုတ်ပြန်ချက်အရ မျောက်ကျောက်ရောဂါ Clade 2 အမျိုးအစားပိုး ကူးစက်ခံရသူ ၁၉၁ ဦး ရှိနေကြောင်း၊ လတ်တလောတွင် ကူးစက်မြန်ဆန် ဗိုင်းရပ်စ်မျိုးကွဲအသစ် Clade 1b ကူးစက်ခံထားရသူသည် ထိုင်းနိုင်ငံတွင် အခြေစိုက်နေထိုင်သည့် အသက် ၆၆ နှစ်အရွယ်ရှိ ဥရောပသားတစ်ဦးဖြစ်ကြောင်း၊ ၎င်းသည် အာဖရိကဒေသတွင် သွားရောက်အလုပ်လုပ်ကိုင်နေရာမှ ဩဂုတ် ၁၄ ရက်တွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ပြီး နောက်တစ်နေ့တွင် ကိုယ်အပူချိန်မြင့်တက်လာကာ အဖုအပိမ့်များ ထွက်လာသဖြင့် ဆေးရုံတွင် သွားရောက်ကုသခဲ့ရာမှ Mpox ရောဂါကူးစက်ခံရသည်ကို တွေ့ရှိခဲ့ကြောင်းနှင့် ၎င်းနှင့်အတူ လေယာဉ်စီးလာသည့် ခရီးသည် ၄၃ ဦးတို့အား ဖျားနာမှုတစ်စုံတစ်ရာရှိပါက ကျန်းမာရေးဌာနတွင် သွားရောက်ကုသမှုခံယူရန် ထိုင်းနိုင်ငံကူးစက်ရောဂါထိန်းချုပ်ရေးဌာနက သတင်းထုတ်ပြန်ထားသည်။

ယခုအခါ ထိုင်းနိုင်ငံတွင် မျောက်ကျောက်ကာကွယ်ဆေးထိုးလုပ်ငန်းကို စီစဉ်လျက်ရှိသည်။ Mpox ကာကွယ်ဆေးကို လူတိုင်းထိုးနှံပေးမည်မဟုတ်ဘဲ (က) ရောဂါပျံ့နှံ့နေသောနိုင်ငံများသို့ ဝင်ထွက်သွားလာခဲ့သူများနှင့် (ခ) လိင်တူဆက်ဆံလေ့ရှိသူများအား မဖြစ်မနေ ကာကွယ်ဆေးထိုးနှံရမည်ဖြစ်ကြောင်း ယင်းနိုင်ငံရှိ ချူလာလောင်ကွန်တက္ကသိုလ်မှ သတင်းထုတ်ပြန်ထားသည်။

**Mpox ရောဂါ ကူးစက်ခံရနိုင်ခြေရှိသူများ**

(က) ကိုယ်ခံအားနည်းသူများ၊ (ခ) မျောက်ကျောက်ရောဂါရှိသူနှင့် အနီးကပ်ထိတွေ့နေရသူများ၊ (ဂ) ရောဂါကူးစက်ခံထားရသော တိရစ္ဆာန်များ၏ သွေး၊ အနာနှင့် ခန္ဓာကိုယ်မှထွက်သောအရည်များနှင့် ထိတွေ့ကိုင်တွယ်မိသူများ၊ (ဃ) ရောဂါကူးစက်ခံထားရသော တိရစ္ဆာန်အသားကို သေချာစွာ ကျက်အောင်မချက်ဘဲ စားသုံးမိသူများ၊ (င) အသက် တစ်နှစ်အောက် ကလေးငယ်များ၊ (စ) နှင်းခူရောဂါရှိသူများနှင့် (ဆ) ကိုယ်ဝန်ဆောင်မိခင်များတွင် Mpox ရောဂါ ကူးစက်ခံရနိုင်ခြေများသည်။ (ဇ) ထို့ပြင် မိခင်မှ ကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်နိုင်ပါသည်။

**ရောဂါလက္ခဏာများ**

ကာလအပိုင်းအခြားအားဖြင့် ရောဂါလက္ခဏာများကို အောက်ပါအတိုင်း တွေ့ရတတ်ပါသည်။

* အဖျားသည် (>38.5˚C) ထိ ပြင်းထန်သည်။ ဖျားပြီး တစ်ရက်မှ သုံးရက်အတွင်း အဖုအပိမ့်၊ အနာများ၊ အနီကွက်များ ထွက်လာပြီး ၎င်းတို့သည် မျက်နှာနှင့် ခြေလက်များတွင် ပိုမိုတွေ့ရသည်။ အခြေအနေပြင်းထန်သူများ၌ အဖုအပိမ့်၊ အနာများ၊ အနီကွက်များကို ခံတွင်းနှင့် လိင်အင်္ဂါတစ်ဝိုက်မှာလည်း တွေ့ရတတ်သည်။

* ရောဂါစတင် ကူးစက်ခံရပြီး ပထမရက်သတ္တပတ် သို့မဟုတ် သုံးပတ်အတွင်း စတင်ပေါ်ပေါက်လာတတ်သော လက္ခဏာများအနေဖြင့် လည်ချောင်းနာခြင်း၊ ကျောအောင့်ခြင်း၊ ဖျားနာခြင်း၊ ပြင်းထန်စွာ ခေါင်းကိုက်ခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ အားအင်ကုန်ခန်းမောပန်းလွယ်ခြင်း၊ ခါးနာ၊ ခါးအောင့်ခြင်း စသည်တို့ကို ခံစားရလေ့ရှိသည်။

* ရေကျောက်ရောဂါ၊ ကျောက်ကြီးရောဂါ၊ ဝက်သက်ရောဂါတို့သည် Mpox ရောဂါလက္ခဏာနှင့် များစွာဆင်တူကြသော်လည်း ပြန်ရည်ကျိတ်(Lymph nodes)များ ရောင်ရမ်းခြင်းသည် မျောက်ကျောက်ရောဂါ၏ ထင်ရှားသောလက္ခဏာတစ်ခုဖြစ်ပြီး ထိုလက္ခဏာကို ရောဂါစတင်ကူးစက်ခံရပြီး တစ်ပတ် သို့မဟုတ် သုံးပတ်အတွင်း ခံစားရနိုင်ပါသည်။

* ရောဂါဖြစ်နေစဉ် ရက်သတ္တနှစ်ပတ်မှ လေးပတ်အထိ အဖုအပိမ့်၊ အနာများ၊ အနီကွက်များရှိတတ်ပြီး နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများအနေဖြင့် (က) အခြားသော ကူးစက်ရောဂါများ ကူးစက်လွယ်ခြင်း၊ (ခ) ဦးနှောက်ရောင်ခြင်း၊ (ဂ) အဆုတ်ရောင်ခြင်း၊ (ဃ) သွေးဆိပ်တက်ခြင်း၊ (င) မျက်ကြည်လွှာပိုးဝင်၍ အမြင်အာရုံဆုံးရှုံးခြင်းတို့ ဖြစ်နိုင်သည်။

**ကာကွယ်နည်း**

(က) Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ခြင်း၊ (ခ) အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်း၊ (ဂ) သံသယရောဂါလက္ခဏာ ခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ခြင်း၊ (ဃ) လက်ကို ဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရေ အသုံးပြု၍ စနစ်တကျ ဆေးကြောခြင်း၊ (င) လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (စ) တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ (ဆ) နှာချေ၊ ချောင်းဆိုးသည့်အခါ လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာ ဖုံးအုပ်ခြင်း၊ (ဇ) အသုံးအဆောင်ပစ္စည်း (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်)များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျ လျှော်ဖွပ်၍ အသုံးပြုခြင်း၊ (ဈ) တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ခြင်းနှင့် အသားများကို ကျက်အောင် ချက်ပြုတ်စားသောက်ခြင်း စသည်တို့ကို နေ့စဉ်ဘဝမှာ ဂရုတစိုက် လိုက်နာကျင့်သုံးခြင်းအားဖြင့် Mpox ရောဂါကို အထိုက်အလျောက် ကာကွယ်ထားနိုင်မည် ဖြစ်ပေသည်။ အထူးသတိထားရန်မှာ Mpox ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း သို့မဟုတ် ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့၍ လိုအပ်သော စစ်ဆေးစမ်းသပ်မှုနှင့် ကုသမှု ခံယူရပါမည်။

**မြန်မာနိုင်ငံနှင့် ကြိုတင်ပြင်ဆင်ထားမှုများ**

မိမိတို့နိုင်ငံရှိ ကျန်းမာရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ် စောင့်ကြည့်နေကာ နိုင်ငံအတွင်း ရောဂါစောင့်ကြပ်ကြည့်ရှုမှုစနစ်ကိုလည်း ၂၀၂၂ ခုနှစ် ပထမအကြိမ် ထုတ်ပြန်ကြေညာခဲ့စဉ်ကပင် ဆောင်ရွက်နေခြင်းမှာ အားရဖွယ်ဖြစ်သည်။ Mpox နှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးခြင်း၊ လေကြောင်းများနှင့် နယ်စပ်ဝင်ထွက်ပေါက်များမှတစ်ဆင့် နိုင်ငံတွင်းသို့ ဝင်ရောက်လာသူများ ဖြည့်စွက်ရမည့် ကျန်းမာရေးမှတ်တမ်းကတ် (Health Declaration Card) တွင် မျောက်ကျောက်ရောဂါနှင့်ပတ်သက်သော အချက်အလက်များ ဖြည့်စွက်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်တော်ပြန်များနှင့် နိုင်ငံခြားသားခရီးသွားများ လေဆိပ်သို့ ရောက်ရှိချိန်တွင် ကိုဗစ်-၁၉ ရောဂါအတွက် RDT စစ်ဆေးချိန်၌ မျောက်ကျောက်ရောဂါလက္ခဏာများ စစ်ဆေးခြင်းကိုပါ ကျန်းမာရေးဝန်ထမ်းများက တစ်ပြိုင်တည်း ပြုလုပ်ဆောင်ရွက်နေပါသည်။

ထို့ပြင် မန္တလေးအပါအဝင် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်ပေါက်ရှိသော မြို့ကြီးများ၏ လေဆိပ်ဝင်ပေါက်များတွင်လည်း မျောက်ကျောက်ရောဂါ စောင့်ကြည့်ကြည့်ရှုခြင်း၊ သံသယလူနာတွေ့ရှိပါက ဆေးလိပ်တွင် ခွဲခြားထားရှိသည့်နေရာ ပြင်ဆင်ထားခြင်း၊ ထို့နောက် ဆေးရုံကြီးများသို့ စနစ်တကျလွှဲပြောင်းရေး စီစဉ်ထားခြင်း၊ ရောဂါပိုးတွေ့လူနာ ပေါ်ပေါက်လာပါက ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် လူနာဆောင်များ ဆောင်ရွက်ထားခြင်းတို့ကိုလည်း ကြိုတင်ပြင်ဆင်လျက်ရှိပါသည်။

မည်သို့ပင်ဆိုစေကာမူ ယနေ့ကမ္ဘာတွင် ကမ္ဘာကြီးသည် ရွာကလေးဟု တင်စားရလောက်အောင် ပြည်ဝင်၊ ပြည်ထွက် ခရီးသွားများ စည်ကားလျက်ရှိနေကြရာ ဒေသခံအများပြည်သူတို့အနေဖြင့် မျောက်ကျောက်ရောဂါနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များကို အလေးထားလိုက်နာ၍ သတိပြုရမည် ဖြစ်ပေသည်။

အချုပ်ဆိုသော် ယနေ့ကာလသည် ဖြစ်ပေါ်လာသော စီးပွားရေးအကျပ်အတည်းများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များ၊ စားနပ်ရိက္ခာမလုံလောက်မှုများကြောင့် နိုင်ငံအများအပြား၌ အကျပ်အတည်းအမျိုးမျိုးဖြင့် ရင်ဆိုင်နေရချိန်ဖြစ်သည်။ Mpox ရောဂါကို ရင်ဆိုင်ရာ၌ စိတ်ခေါ်မှုများစွာဖြင့် ကြုံတွေ့ရလင့်ကစား သတိရှိရှိဖြင့် ခုခံအန်တုရမည်သာဖြစ်သည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော မျောက်ကျောက်ရောဂါ ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အလေးထားလိုက်နာရင်း နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်ရောဂါ သို့မဟုတ် မျောက်ကျောက်ရောဂါ အန္တရာယ်ကို သတိရှိစေလိုပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

စေတနာများစွာ

**တင်ထက်ထက်ဇော်**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## BTS အဖွဲ့ကို နိုင်ငံအသင်းကိုယ်စားပြုအဖြစ် ဖော်ပြ



အိုလံပစ်ဖွင့်ပွဲတွင် ကိုရီးယား ရာ ကိုးရီးယားနိုင်ငံကိုယ်စားပြု နိုင်ငံအသင်းနှင့် မိတ်ဆက်ပေးခဲ့ အထင်ကရသုံးခုတွင် ဘီတီအက်စ်၊ ကင်ချီနှင့် Hanbok ဟု မိတ်ဆွေပေးသွားခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ပဲရစ်အိုလံပစ်ဖွင့်ပွဲတွင် နိုင်ငံကိုယ်စားပြု မီးရှူးတိုင်ကိုင်ဆောင်ခဲ့သည့် ဘီတီအက်စ်အဖွဲ့ဝင် ဂျင်၏သီချင်းမှာ ငါ့နှလုံးသားကခုန်နေသည် ဆိုသည့် စာသားအတိုင်း ပရိသတ်ကြားပျော်ရွှင်ဖွယ်သီချင်းအဖြစ် ရွေးချယ်ခံထားရကာ ပြီးပြည့်စုံမှုရှိခဲ့သည်။

ဘီတီအက်စ်အဖွဲ့ဝင်များ သင်တန်းတက်ရောက်နေဆဲကာလဖြစ်သော်လည်း လွန်ခဲ့သည့်တစ်နှစ်က ကြိုတင်ပြင်ဆင်ထားကြသည့်သီချင်းများနှင့် တစ်ကိုယ်တော်ဂီတများ ထွက်ရှိလာကြပြီး အဖွဲ့ဝင်များ၏ ဂီတသစ်များနှင့် ပရိသတ် ပျော်ရွှင်နေကြကာ ကိုရီးယားနိုင်ငံကိုယ်စားပြုအဖြစ်ပင် ဖော်ပြခံခဲ့ရသည်။ (SKY)

## 2NE1 အဖွဲ့ ဖျော်ဖြေပွဲသတင်း ကမ္ဘာတစ်ဝန်း နိုင်ငံအနှံ့ စိတ်ဝင်စားမှုရ

ဝိုင်ဂျီအင်တာတိန်းမင့်မှ 2NE1 ပြန်လည်ဖျော်ဖြေပွဲသတင်း ထွက်ရှိလာပြီးနောက် နာရီ ၂၀ အတွင်း နိုင်ငံအနှံ့ သတင်းစာမျက်နှာများပေါ်တွင် နေရာယူခဲ့ပြီး စိတ်ဝင်စားမှုရရှိထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကိုရီးယား၊ ထိုင်ဝမ်အပြင် နိုင်ငံအနှံ့ သတင်းစာမျက်နှာများပေါ်တွင် စိတ်ဝင်စားမှုရရှိခဲ့ပြီး ဂျပန်နိုင်ငံတွင်လည်း လက်ကိုင်မီးတုတ်များ ဝယ်ယူနေကြပြီး အမေရိကန်တွင် Time Square နှင့် LED များ နေရာယူထားကြသည်။ 2NE1 ၏ ၁၅ နှစ်ပြည့် ဂီတဖျော်ဖြေပွဲကို အထူးတင်ဆက်ထားပြီး နိုဝင်ဘာလတွင် ဂျပန်နိုင်ငံ၊ ဆိုဆာကာနှင့် ဒီဇင်ဘာလတွင် တိုကျိုၳ ကျင်းပမည်ဖြစ်သည်ဟု ဝိုင်ဂျီမိသားစုက တရားဝင်ကြေညာထားသည်။ (SKY)






## တစ်ပတ်လျှင်တစ်ကြိမ် အတိုးချအိပ်စက်ပေးလျှင် နှလုံးရောဂါဖြစ်ပွားမှုကို ၂၀ ရာခိုင်နှုန်း လျော့ကျစေမည်

အသက်ကြီးလာလျှင် အသက်ငယ်စဉ်ကထက်လူတို့၏ နေ့စဉ်အိပ်ချိန် လျော့နည်းသွားတတ်သော်လည်း အရွယ်ရောက်လာသူတစ်ဦး၏ နေ့စဉ် အိပ်စက်ချိန် အနည်းဆုံး ၈ နာရီ ရှိသင့်သည်ဟု အိပ်စက်ခြင်း သုတေသီအများစုက အတည်ပြုသည်။

တစ်ရက်လျှင် ၇ နာရီ အောက်လျော့ပြီး အိပ်စက်ခွင့်ရသူများအနေဖြင့် ရေရှည်တွင် နှလုံးရောဂါဖြစ်ပွားလာနိုင်ကြောင်း လေ့လာတွေ့ရှိထားသည်။

နာရီပြည့်မီအောင် အိပ်စက်ခွင့်မရသူများ တစ်ပတ်လျှင် တစ်ကြိမ် အတိုးချအိပ်စက်ခြင်း၏ အကျိုးရလဒ်အကြောင်းကို တရုတ်နိုင်ငံ၊ ပေကျင်းမြို့တော် ဖူဝေဆေးရုံမှ ယန်ကျန်းဆောင်နှင့် ကျေချင်းလျှုတို့ ပူးတွဲဦးဆောင်သောသုတေသီများ မကြာသေးမီက စူးစမ်းလေ့လာခဲ့သည်။

ထိုသို့လေ့လာရာမှ ယင်းအိပ်စက်ခြင်းကြောင့် နှလုံးရောဂါဖြစ်ပွားမှုကို ၂၀ ရာခိုင်နှုန်း လျော့ကျစေမည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)

## Jujingyi တစ်လအတွင်း အကျော်ကြားဆုံးအနုပညာရှင်ဖြစ်လာ




တရုတ်အနုပညာလောကတွင် တစ်လအတွင်း ပရိသတ်အားပေးမှုနှင့် အကျော်ကြားဆုံးအနုပညာရှင်စာရင်းကို ထုတ်ပြန်ထားရာ အမျိုးသမီးအနုပညာရှင် ဂျူဂျင်ရီလည်း ပါဝင်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းတွင် အမျိုးသားအနုပညာရှင် သုံးဦးစာရင်း၌ ပရိသတ် အားပေးမှုတစ်ခဲနက်ရရှိထားသည့် ရှောင်းကျန့်၊ ချန်ရီနှင့် ဝမ်ရိဘိုတို့ ပါဝင်ကြသည်။

အမျိုးသမီးအနုပညာရှင်စာရင်းတွင် ဂျူဂျင်ရီ၊ ဒီရီလီဘာဒီမူရတ်နှင့် ရိုစ်ကျန်း(ခေါ်)ကျန်းလူဆီတို့ ပါဝင်ခဲ့ကြသည်။

တစ်လအတွင်း ပရိသတ်အားပေးမှုနှင့် အကျော်ကြားဆုံးအနုပညာရှင်များစာရင်းကို တရုတ်အနုပညာလောကရှိ ဖျော်ဖြေရေးကုမ္ပဏီများစွာက ထုတ်ပြန်ကြေညာထားကြရာ သက်ဆိုင်ရာကုမ္ပဏီများက သူတို့အနုပညာရှင်များကို အသီးသီး ထုတ်ပြန်ထားကြခြင်းဖြစ်ရာ ယူကူ စသည်တို့ ပါဝင်ထားကြသည်။ (SKY)




## Hasseen Dillruba 2 ထပ်မံထွက်ရှိလာ

ကိုဗစ်ကာလ ၂၀၂၀-၂၀၂၁ ခုနှစ် ရုပ်ရှင်ရုံတင်ခွင့်မရချိန်တွင် OTT ပလက်ဖောင်းတွင် ပြသခဲ့သည့် အိန္ဒိယရုပ်ရှင်ထဲတွင် အအောင်မြင်ဆုံး ဇာတ်ကားသုံးကား ဖြစ်ခဲ့သည့် Hasseen Dillruba 2 လည်းပါဝင်ပြီး အပိုင်းနှစ် ထပ်မံထွက်ရှိလာသည်ဟု ဘောလီဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအအောင်မြင်ဆုံး ဇာတ်ကားသုံးကားတွင် ကရီသီးဆန္ဒန်၏ MiMi ၊ ဆိဒ်နှင့် ကီရာရာတို့၏ Shershaah ၊ တာပ်ဆီးနှင့် မိက်ရန်းတို့၏ Hasseen Dillruba တို့ဖြစ်ပြီး အပိုင်းနှစ် ထပ်မံရိုက်ကူးထားကာ နမူနာထွက်ရှိလာသည်။

တာပ်ဆီး၏ ထူးခြားပြောင်မြောက်သည့် အနုပညာစွမ်းရည်ကြောင့် ပရိသတ်အားပေးမှုမြင့်မားခဲ့ကာ ထပ်မံ၍လည်း တာပ်ဆီး၏လှည့်ကွက်များ၊ အကွက်ရွှေ့မှုများနှင့် အိမ်ထောင်ရေးဇာတ်လမ်းကောင်းတစ်ခုကို မြင်တွေ့ကြရမည် ဖြစ်သည်။(SKY)

## EXO မှ Oh Sehun ၏ လျှို့ဝှက်ချက်များ ထွက်ပေါ်လာ



အိပ်ဇိုအဖွဲ့ဝင် အိုဆီဟာမ်၏ လျှို့ဝှက်ချက်များကို ပရိသတ်များ သိရှိလိုကြသဖြင့် သူ၏ငယ်ဘဝ အိမ်မက် အပါအဝင် လျှို့ဝှက်ချက်များကို ပရိသတ်ထံ မျှဝေပေးထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အိုဆီဟွမ်သည် မူလတန်းတက်ချိန် ဆိုးလ်မြို့တော်ဝန်အမည်နှင့် တူနေ၍ အတန်းတွင်း အစခံရကာ ခုနစ်တန်းနှစ်တွင် သမ္မတလုပ်ရန် ဆုံးဖြတ်ခဲ့သူဖြစ်ပြီးမှ အနုပညာလောကသို့ ဝင်ခဲ့သည့် ၁၉၉၄ ခုနှစ်ဖွား ဖြစ်သည်။

အိုဆီဟွမ်သည် အိပ်ဇိုအဖွဲ့နှင့် ပွဲဦးထွက်ခဲ့ပြီး ဘာဘယ်တီးကို ကြိုက်နှစ်သက်၍ နေ့စဉ် Boba ဆိုင်သွားသဖြင့် ထိုဆိုင်တွင် ဆီဟွမ်မီနူးပင် ရှိခဲ့ကာ သူ၏ သူငယ်ချင်းမှာ အင်န်စီတီအဖွဲ့ဝင် ဂျွန်နီဖြစ်ပြီး ခင်မင်ရင်းနှီးခဲ့ကြသည်။

ကိုရီးယား ဘေ့စ်ဘောအသင်း Doosan Bears ကို ကြိုက်နှစ်သက်၍ ကိုရီးယားအဖွဲ့ဝင်များတွင် အင်စတာဂရမ်ကို စတင်သုံးခဲ့ပြီး အကောင့်အမည်မှာ @xlkslbccdtks မှ ၂၀၁၄ ခုနှစ်တွင် @ohsehun ဟု ပြောင်းခဲ့သည်။ (SKY)

## အိုလံပစ်ရွှေတံဆိပ်ဆုရှင် လက်ဝှေ့သမားအကြောင်းရိုက်ကူးထားသည့်ဇာတ်ကားတွင် Park Bo Gun က သရုပ်ဆောင်ထား

ပတ်ဘိုဂန်းသည် လက်ရှိ ရိုက်ကူးနေသော ဒရမ်မာဇာတ်ကားမှာ Good Boy ဖြစ်ပြီး အိုလံပစ်ရွှေတံဆိပ်ဆုရှင် လက်ဝှေ့သမား ဟွန်ဒေါင်ဂျူအကြောင်းဖြစ်သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားရိုက်ကူးရန်အတွက် ပတ်ဘိုဂန်းမှာ အက်ရှင်ဒရမ်မာဖြစ်၍ လေ့ကျင့်ရေးခြောက်လ ဝင်နေခဲ့ကာ အိုလံပစ်ရွှေတံဆိပ်ဆုရှင်ဖြစ်ရေး ခက်ခဲမှုများနှင့် လေ့ကျင့်ခဲ့ရပြီး Uzbekistan နိုင်ငံမှ တိုက်ခိုက်ရေးလေ့ကျင့်ဖော်နှင့်အတူ ပါဝင်ထားသည်။



ပတ်ဘိုဂန်းသည် ဇာတ်ကောင်ပြောင်းလဲပြနိုင်သည့် ပင်ကိုယ်အရည်အချင်းရှိပြီး တရားမျှတမှုအတွက် ဘာကိုမှ တွက်ချက်မနေဘဲ သူ့ကိုယ်သူအန္တရာယ်ကြားထဲ တိုးဝင်ပစ်နိုင်သည့် စရိုက်ရှိသော ဇာတ်ကောင်အတွက် လုံးဝပြီးပြည့်စုံသည်ဟု ပီဒီရှင်းက ပြောကြားထားသည်။

ယင်းဇာတ်ကားရိုက်ကူးရေးနှင့် ၂၀၂၄ အိုလံပစ်အားကစားပြိုင်ပွဲကျင်းပသောကာလ တိုက်ဆိုင်နေ၍ နိုဝင်ဘာလတွင် ထုတ်လွှင့်ပြသမည်ဟု ဂျေတီဘီစီမှ ထုတ်ပြန်ထားသည်။

(SKY)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-ဇ)၊ ဦးပိုင်နံပါတ်(၂၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးမြမောင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ တောင်ဘက်ပိုင်း(၁၅ပေ× ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်ဇော်ဝင်း(ဘ)ဦးတင်ဝင်း(၉/ခမစ(နိုင်)၀၂၉၇၈၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့်၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၈)တွင် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် ဦးပိုင်နံပါတ်(၃၇)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်စန်းစန်းမြင့် အမည်ပေါက် ဂရန်မြေကွက်၊ ဦးပိုင်နံပါတ်(၃၈)ဟု ခေါ်တွင်သော ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဇော်မင်းသိန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်များ၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းဇော်မြင့်(ဘ)ဦးကြီးရွှေ(၅/ဆလက(နိုင်)၀၃၄၀၅၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်များ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးစုထွန်း(LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးကြည်ယံ (LL.B) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၆၀၆၀၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈ဓ)၊ ဦးပိုင်နံပါတ်(၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၉၃၆)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မိမိခိုင်(ဘ)ဦးတင်မောင်(၉/မရတ(နိုင်)၀၅၄၈၉၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့်၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးအောင်သန်း အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းနွမ်းစိန်(ဘ)ဦးရွှေထွန်း(၁၃/မဆတ(နိုင်)၀၃၀၄၂၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(cc-၁)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကရှိ ဦးဇော်ဝင်းအမည်ပေါက် ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ RC(၃)ထပ်အဆောက်အအုံ၊ ရေ၊ မီး၊ ဝင်းခြံအကာအရံနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးတို့ကို ဦးဇော်ဝင်း(ဘ)ဦးအုန်းဖေ(၅/ကလတ(နိုင်)၀၃၄၈၄၈)၊ ၅၉လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေသူမှ လက်ရှိအမည်ပေါက်ပိုင်ဆိုင်သည်ဟု အဆိုပြုပြောဆိုပြီး ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနေဖြိုးဇော်(စဉ်-၁၃၃၂၄) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒီ-၅)၊ လမ်း၇၀၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၉၇၄၇၁၈၁၆၁ ၊ ၀၉-၄၀၂၅၁၅၁၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၆)၊ ဦးပိုင်နံပါတ်(၅၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသောင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းသော်တာစိုး(ဘ)ဦးချိန်ခိုင်ရင်(၉/မနမ(နိုင်)၁၂၂၆၇၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန်(LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ်(၅-တိုးချဲ့)ရပ်ကွက်ရှိ အုန်းချောကျေးရွာ၊ မြေနေရာချထားရေးကော်မတီ၏ (၇/၀၆)ဆုံးဖြတ်ချက်အရ ဦးဝင်းနိုင်(၉/မနမ(နိုင်)၀၇၅၁၀၇) အမည်ဖြင့် မြေကွက်သစ်နေရာချထားပေးသော မြေကွက်အမှတ်(၁၈ဇ)အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းနိုင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးခင်မောင်ထွန်း(၅/ယမပ(နိုင်)၀၅၃၂၁၀)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအပါအဝင် မြေနှင့်ပတ်သက်သော ထောက်ထားမှုများကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးနုငယ်(LL.B) တရားလွှတ်တော်ရှေ့နေ**
**ရွှေစာရံ၊ အုန်းချောကျေးရွာ၊ပုသိမ်ကြီးမြို့နယ်။**
**ဖုန်း ၀၉-၄၀၀၄၇၁၆၂၀**
**ဦးရဲထက်အောင် (LL.B,DIL) အထက်တန်းရှေ့နေ**
**အမှတ်(၆)ရပ်ကွက်၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်။**
**ဖုန်း ၀၉-၉၇၉၅၀၆၅၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၆)၊ ဦးပိုင်နံပါတ်(၁၁၇+၁၁၈+၁၁၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းစီရှိ ဒေါ်ကြည်ဆင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များအနက် ဦးပိုင်နံပါတ်(၁၁၉)၊ ဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ထားရီ(ဘ)ဦးအိုက်နော်(၉/ခမစ(နိုင်)၀၅၅၂၀၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန်(LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၂)၊ ဦးပိုင်အမှတ်(၇၁/ခဲစင်း)၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားရှိ ဘောဂရန်မြေကွက် အမည်ပေါက်သူ ဦးညိုဝင်း(၉/မနမ(နိုင်)၀၄၂၁၁၄)၏ (SPရရှိသူ ဦးထက်ဝေ)က ဘောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၃၉၁/၂၀၂၄-၂၀၂၅)ဖြင့် ဘောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်၊ ကမ္ဘဝါတန်းရပ်ရှေ့၊ ဦးမြင့်ဆွေ(၉/ပကခ(နိုင်)၀၀၇၇၁၀)၊ ဒေါ်ယဉ်နွယ်(၉/အမရ(နိုင်)၀၅၈၄၃၁)တို့၏ သားဖြစ်သူ မောင်ရဲလင်းထွန်း(၉/ပကခ(နိုင်)၀၁၁၅၅၂)သည် မိဘနှစ်ပါးအား အမျိုးမျိုးဒုက္ခပေးပြီး မိဘများ၏ ဆိုဆုံးမမှုအား မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး အိမ်မှမိမိသဘောဆန္ဒအရ ထွက်သွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်၍ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

ဦးမြင့်ဆွေ + ဒေါ်ယဉ်နွယ်

# တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ တပ်မတော်သားများသည်လည်း ပြည်သူများ၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ် တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အသက်စွန့်၍ တာဝန်ထမ်းဆောင်ရန် သစ္စာဆိုတိုင်တည်ထားသည့်အဖွဲ့အစည်းဖြစ်သဖြင့် နိုင်ငံတော်အတွက် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်

နေပြည်တော် ဩဂုတ် ၃၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးအရာရှိ ခြေလျင်တပ်စုမှူး သင်တန်းမှ သင်တန်းသူများအား သက်ဆိုင်ရာခန်းမများ၌ သီးခြားစီတွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိများ၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးအရာရှိခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများ တက်ရောက်ကြသည်။

**တပ်မတော်(လေ)၏ အခန်းကဏ္ဍ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင်တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်ရာတွင် တပ်မတော်(ကြည်း)တစ်ခုတည်းသာမက တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့၏ အင်အားနှင့် စွမ်းပကားများကိုလည်း မြှင့်တင်ဆောင်ရွက်ပေး ရမည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)ကို ခေတ်အဆက်ဆက် အဆင့်မြှင့်တင်တည်ဆောက်ပေးခဲ့ပြီး ခေတ်စနစ်နှင့် လျော်ညီသည့် လေယာဉ်၊ ရဟတ်ယာဉ်များကိုလည်း တပ်ဆင်ပေးထားကြောင်း၊ အာဆီယံနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် မိမိတို့နိုင်ငံအနေဖြင့် ဂျက်တိုက်လေယာဉ်များကို စတင်အသုံးပြုနိုင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ လေယာဉ်၊ရဟတ်ယာဉ်များ သာမက လေကြောင်းဆိုင်ရာကျွမ်းကျင်သူ အရာရှိ၊ စစ်သည်များကိုလည်း စဉ်ဆက်မပြတ် မွေးထုတ်လျက်ရှိပြီး အမျိုးသမီးအရာရှိများအနေဖြင့် အမျိုးသားအရာရှိများနည်းတူ ပျံသန်းရေးတာဝန်များတွင် ထမ်းဆောင်နေပြီဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တပ်မတော်(လေ)အနေဖြင့် မြေပြင်တပ်ဖွဲ့ဝင်များ သယ်ယူပို့ဆောင်ရေးနှင့် အရေးကြီးစစ်ဆင်ရေးများတွင် လေကြောင်းပစ်ကူပေးတာဝန်များကို ဆောင်ရွက်ပေးရခြင်းဖြစ်ပြီး မြေပြင်တပ်ဖွဲ့ဝင်များအတွက် များစွာအထောက်အကူပြုပေးနေသည့် တပ်ဖွဲ့ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း တပ်မတော်(လေ)ကို အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရာတွင် လေယာဉ်များကိုသာမက လိုအပ်သည့် စက်ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေကြောင်းစွမ်းပကားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ချမှတ်ထားသည့် ကာကွယ်ရေးမူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် လေ့ကျင့်ခြင်းများကိုစနစ်တကျ ဆောင်ရွက်နေရန်လိုပြီး တစ်ဦးချင်း၏ စွမ်းရည်နှင့် စိတ်ဓာတ်များ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း။

**အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍ**

တပ်မတော်၌ အမျိုးသမီးစစ်မှုထမ်းများ ခန့်အပ်တာဝန်ပေးအပ်ထမ်းဆောင်လျက်ရှိသည်မှာ ရှေးယခင်ကတည်းကပင် ရှိခဲ့ကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကြားကာလအချိန်များတွင် ဆေးဝန်ထမ်းတပ်ဖွဲ့များမှအပ အခြားအမျိုးသမီး စစ်မှုထမ်းများကို တာဝန်ပေးအပ်နိုင်မှု မရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၌ တပ်မတော်တွင် အမျိုးသမီးအရာရှိများ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်၌ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့ အသီးသီး၌ အမျိုးသမီးအရာရှိများ တာဝန်ထမ်းဆောင်လျက်ရှိပြီဖြစ်ကြောင်း၊ ထို့ပြင် အခြားအဆင့် အမျိုးသမီး စစ်မှုထမ်းများကိုလည်း ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများကို ဆက်လက်ခန့်အပ်ပေးလျက်ရှိကြောင်း။

အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများအဖြစ် သင်တန်းတက်ရောက်နေကြသူများသည် တက္ကသိုလ်များ၌ ဘွဲ့ရပြီးကြသူများဖြစ်၍ တက္ကသိုလ်ပတ်ဝန်းကျင် လူမှုဆက်ဆံရေး အတွေ့အကြုံများစွာ ရှိထားပြီးသူများဖြစ်ကြောင်း၊ အသက်အရွယ်အားဖြင့်လည်း မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည့်အရွယ်များသို့ရောက်ရှိပြီး ဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများဖြစ်သဖြင့် ခံယူချက်များ အခြေခံအားဖြင့် ကောင်းမွန်ပြီးဖြစ်ကြောင်း၊သင်တန်းတက်ရောက်စဉ် လေ့ကျင့်ရေးကာလအတွင်း ရုပ်ပိုင်း၊စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေး စနစ်တကျလေ့ကျင့်သွားရန်လိုကြောင်း၊ စာမျက်နှာ ၄ သို့ ❖

★ တပ်မတော်(လေ)အနေဖြင့် မြေပြင်တပ်ဖွဲ့ဝင်များ သယ်ယူပို့ဆောင်ရေးနှင့် အရေးကြီးစစ်ဆင်ရေးများတွင် လေကြောင်းပစ်ကူပေးတာဝန်များကို ဆောင်ရွက်ပေးရခြင်းဖြစ်ပြီး မြေပြင်တပ်ဖွဲ့ဝင်များအတွက် များစွာ အထောက်အကူပြုပေးနေသည့် တပ်ဖွဲ့ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း တပ်မတော်(လေ) ကို အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရာတွင် လေယာဉ်များကိုသာမက လိုအပ်သည့်စက်ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ